# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်၊ သောကြာနေ့။ Friday, 23 June 2023 ၁၁၁၃၅


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၂**

၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်အားပေးသည်။

**တက်ရောက်**

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်များဖြစ်ကြသည့် ပိုးရယ်အောင်သိန်း၊ မန်းငြိမ်းမောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာအောင်ကျော်မင်း၊ ဒေါက်တာကျော်ထွန်း၊ ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ကျောင်းအုပ်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆





နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့ဝင်များ ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(က) အသင်းတို့ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးစဉ်။




ကြေးမုံ

# ဖွံ့ဖြိုးတိုးတက်မှုကို မူပိုင်ခွင့်ဖြင့်ကာကွယ်

မူပိုင်ခွင့်ဟူသည် နိုင်ငံတစ်နိုင်ငံရှိ အဖွဲ့အစည်း၊ တစ်ဦးတစ်ယောက်၏ ဖွံ့ဖြိုးတိုးတက်မှုကို ကာကွယ်ပေးသည်။ မူပိုင်ခွင့်ဆိုသည်မှာ မည်သူသည် ထိုအရာအား အမှန်တကယ်ဖန်တီးသည်ဟု မှန်ကန်စွာအဆုံးအဖြတ်ပေးသည်။ မူပိုင်ခွင့်သည် ဥပဒေတစ်ခုဖြစ်ပြီး ဖန်တီးသူအတွက် ၎င်းဖန်တီးထားသော အလုပ်များအား ရောင်းချခြင်းဖြင့် ဝင်ငွေရရှိမှုလွယ်ကူသည်။ မူပိုင်ခွင့်ရှိမှသာ ဖန်တီးထုတ်လုပ်သူအတွက် အခွင့်အရေးများပိုင်ဆိုင်နိုင်သည်။

အကြောင်းအရာတစ်ခုကို ပိုင်ရှင်၏ခွင့်ပြုချက်ရမှသာလျှင် ၎င်း၏လက်ရာကို ကူးယူနိုင်သည် သို့မဟုတ် တုပပြုလုပ်နိုင်သည်။ တစ်ဦးတစ်ယောက်သည် မူပိုင်ခွင့်ဥပဒေဖြင့် ကာကွယ်ထားသော လက်ရာတစ်ခုကို ပိုင်ရှင်မသိအောင် တိုက်ရိုက်ရယူလျှင်၊ တုပပြုလုပ်လျှင် ၎င်းအား ပုံမှန်အားဖြင့် ဒဏ်တပ်ခြင်းကဲ့သို့သော ဥပဒေဖြင့် ဆုံးမနိုင်သည်။ အခြားအရေးကြီးသည့် ပြဿနာများတွင် လူတစ်ဦးသည် မူပိုင်ခွင့်ဖြင့် ကာကွယ်ထားသောလက်ရာအား ကူးယူတုပပြုလုပ်လျှင် ဖမ်းဆီးအရေးယူခံရပြီး ပြစ်ဒဏ်တစ်မျိုးမျိုးကျခံရမည်ဖြစ်သည်။

ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံများတွင် မူပိုင်ခွင့်အကာအကွယ်ကြောင့် အကျိုးအမြတ်များ ထိထိရောက်ရောက်ရရှိနိုင်သဖြင့် ဆန်းသစ်သည့် တီထွင်ဖန်တီးမှုများကို အဆက်မပြတ်ပြုလုပ်လျက်ရှိရာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ရရှိပိုင်ဆိုင်နေကြသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (WTO) နှင့် ကမ္ဘာ့မူပိုင်ခွင့်အဖွဲ့ (WIPO) တို့၏ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကုန်သွယ်ရေးနှင့်စပ်လျဉ်းသည့် မူပိုင်ခွင့်ဆိုင်ရာစာချုပ်ကို လိုက်နာဆောင်ရွက်ရန်လိုပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား မူပိုင်ခွင့်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တွင်လည်း ပါဝင်ဆောင်ရွက်ရန်လိုအပ်သည်။

အာဆီယံစီးပွားရေး အသိုက်အဝန်းတည်ဆောက်ရာတွင် အာဆီယံဒေသတွင်း မူပိုင်ခွင့်ဆိုင်ရာ လုပ်ငန်းစီမံချက်ပါ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ခြင်းကို အခြားအဖွဲ့ဝင်နိုင်ငံများနည်းတူ ဆောင်ရွက်ရန်လိုအပ်မည်ဖြစ်သည်။ ဒေသတွင်းနိုင်ငံများအနေဖြင့် ရင်းနှီးမြှုပ်နှံမှု၊ ကုန်စည်စီးဆင်းမှုများ တိုးတက်စေရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့အား အထောက်အကူပြုနိုင်သည့် မူပိုင်ခွင့်စနစ်များကို မြန်မာနိုင်ငံထက် စောစီးစွာဖော်ဆောင်ကျင့်သုံးနေကြသည်။ မြန်မာနိုင်ငံတွင် မူပိုင်ခွင့်ဥပဒေပြဋ္ဌာန်းထားပြီးဖြစ်သော်လည်း ဥပဒေသိရှိနားလည်မှုနှင့် လိုက်နာဆောင်ရွက်ရန် အားနည်းမှုတို့ကြောင့် ကဏ္ဍအလိုက် တီထွင်ဖန်တီးလုပ်ဆောင်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုအားနည်းနေသည်ကို တွေ့ရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်က မူပိုင်ခွင့်ဥပဒေ (၄)ရပ်ဖြစ်သည့် ကုန်အမှတ်တံဆိပ်မူပိုင်ခွင့်ဥပဒေ၊ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေတို့ကို အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည်။ မူပိုင်ခွင့်ဥပဒေ (၄) ရပ်အနက် ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေကို ၂၀၂၃ ခုနှစ် ဧပြီလ ၁ ရက်နေ့တွင် အာဏာတည်ခဲ့ပြီး ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းကို တရားဝင်လက်ခံ၍ ဧပြီလ ၂၆ ရက်နေ့မှစတင်ဆောင်ရွက်နေပြီဖြစ်သည်။ မူပိုင်ခွင့်ဥပဒေ (၄) ရပ်အနက် ဆက်လက်ဆောင်ရွက်ရမည့် စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ၊ တီထွင်မှု မူပိုင်ခွင့်ဥပဒေနှင့် စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေတို့ အာဏာတည်နိုင်ရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ မူပိုင်ခွင့်များ အကျိုးသက်ရောက်စေရန် သက်ဆိုင်ရာပညာရှင်များနှင့် ဖွဲ့စည်းဆောင်ရွက်နေသည်။

ဥပဒေအရ အာဏာတည်မှု လိုအပ်ချက်များရှိခဲ့သဖြင့် မူပိုင်ခွင့်ဖန်တီးသူများအနေဖြင့် အကျိုးခံစားခွင့်များ ဆုံးရှုံးနစ်နာခဲ့ရသလို ကဏ္ဍအလိုက်ဖွံ့ဖြိုးတိုးတက်မှုများ လျော့ပါးသွားခဲ့သည်။ ဥပမာအားဖြင့် စာပေ၊ အနုပညာ ကိုယ်ပိုင်ဖန်တီးထားမှုများနှင့်ပတ်သက်၍ တရားမဝင်ကူးယူ၊ ခိုးယူဖြန့်ချိနေမှုများကို တွေ့မြင်နေရသည်။ မျက်မှောက်ကာလတွင် နည်းပညာတိုးတက်လာမှုများနှင့်အတူ တရားမဝင်ပုံတူပြုလုပ်မှု၊ ဆင်တူရိုးမှားပြုလုပ်မှု၊ တိုက်ရိုက်ခိုးယူဖြန့်ချိမှုများကြောင့် အနုပညာကဏ္ဍတွင် ငွေကြေးအမြောက်အမြား အကုန်အကျခံကာ ရိုက်ကူးထုတ်လွှင့်ရေးလုပ်ငန်းများကို ဆောင်ရွက်နေသည့် ထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ အနုပညာရှင်များမှာ နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ပြီး ဆက်လက်ထုတ်လုပ်နိုင်ရန်အတွက် အခက်အခဲများရှိခဲ့သည်။

ထို့ကြောင့် အနုပညာဖန်တီးမှုများနှင့်ပတ်သက်၍ မူပိုင်ခွင့်ပိုင်ဆိုင်ထားသူများ၏ ထုတ်ကုန်များကို ခိုးယူ၍ သမားရိုးကျနည်းလမ်းများဖြင့်သော်လည်းကောင်း၊ အွန်လိုင်းပလက်ဖောင်းများမှတစ်ဆင့်သော်လည်းကောင်း ထုတ်လွှင့်ဖြန့်ချိသူများကို အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့က တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေး စီမံဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အလားတူ စာပေ၊ သုခုမအနုပညာရပ်များတွင်လည်း မူပိုင်ခွင့်နှင့်ပတ်သက်၍ အသုံးပြုနိုင်ရန် သတ်မှတ်ချက်များနှင့် သက်ဆိုင်ရာဥပဒေများရှိပြီးဖြစ်၍ တုပကူးယူအသုံးပြုသူများအနေဖြင့် သတိပြုဆင်ခြင်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မူပိုင်ခွင့်ဟူသည် တီထွင်ဖန်တီးထုတ်လုပ်သူများ၏ ပိုင်ဆိုင်မှုအခွင့်အရေးတစ်ရပ်ဖြစ်ပြီး တစ်ဦးတစ်ယောက်အနေဖြင့် ၎င်းတီထွင်ဖန်တီးထုတ်လုပ်မှုများကို ကာကွယ်နိုင်ခွင့်၊ အကျိုးခံစားနိုင်ခွင့် ပြည့်ပြည့်ဝဝရရှိမှသာ ဆက်လက်တိုးတက်အောင် ဖန်တီးထုတ်လုပ်နိုင်ပြီး ၎င်းအကျိုးစီးပွားနှင့် လူ့အသိုက်အဝန်းအကျိုးစီးပွားများ ကောင်းစွာဖြစ်ထွန်းလာမည်ဖြစ်၍ သက်ဆိုင်ရာမူပိုင်ခွင့်ဥပဒေများဖြင့် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ကြရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမောင်မောင်ရှိမ်း ကို အစမ်းခန့်ကာလ ( ၁ ) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ထားဝယ်မြို့နယ်အတွင်း ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ထားဝယ် ဇွန် ၂၂**

ထားဝယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ထားဝယ်မြို့နယ်အတွင်း ဆောင်ရွက်ပြီးစီးသော ကုန်ထုတ်တံတားနှင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို မြိတ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသင်းဦး၊ ထားဝယ်ခရိုင်ဦးစီးမှူး ဦးထက်အောင်၊ ထားဝယ်မြို့နယ်ဦးစီးမှူး ဒေါ်စိုးစိုးသီတို့ ကွင်းဆင်းဆောင်ရွက်သည်။

**ဆောင်ရွက်ပေး**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ထားဝယ်မြို့နယ်အတွင်း ကျေးလက်နေပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သောက်သုံးရေရရှိရေးအတွက် ကျေးရွာကုန်ထုတ်လမ်း (၁/၀)မိုင်၊ ကွန်ကရစ်တံတား ပေ ၂၀ တစ်စင်း၊ Box Culvert နှစ်စင်း၊ စိမ့်စမ်းရေသွယ်တန်းခြင်း လုပ်ငန်း တစ်ခု၊ လက်တူးတွင်း လေးတွင်း၊ ရေစုကန် တစ်ကန်၊ ရေပိုက်သွယ်တန်းခြင်း လုပ်ငန်းတစ်ခုတို့ကို ခွင့်ပြုငွေကျပ် ၂၄၃ ဒသမ ၂၂ သန်းဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

၂၂၂

## ညောင်တုန်းမြို့၌ ရေနုတ်မြောင်းများတူးဖော်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းဆောင်ရွက်

**ညောင်တုန်း ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့တွင် မိုးရာသီကာလ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့တွင်းရေနုတ်မြောင်းများတူးဖော်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လွင်နှင့် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးခင်မောင်ဦးတို့၏ ကြီးကြပ်မှုဖြင့် အဖွဲ့လုပ်သားအင်အား၊ ယာဉ်စက်ယန္တရားများဖြင့် မိုးရာသီကာလ ရေစီးရေလာကောင်းမွန်စေရေးအတွက် မြို့တွင်းရေနုတ်မြောင်းများ တူးဖော်ခြင်းနှင့် လမ်းဘေး ဝဲ၊ယာ တစ်လျှောက် ချုံနွယ်ပိတ်ပေါင်းများရှင်းလင်းခြင်း ဆောင်ရွက်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ်တွင် မိုးရာသီတိရစ္ဆာန်အစာပင် စိုက်ပျိုးသရုပ်ပြသခြင်းကို ဇွန် ၂၁ ရက် နံနက်ပိုင်းက သမ္ဘာန်ကျေးရွာအုပ်စု ရွာသာအေးကျေးရွာရှိ တောင်သူဦးဝိုင်း၏ လယ်မြေသုံးဧကခွဲ ကျင်းပရာ ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးနှင့်တာဝန်ရှိသူများ ကြည့်ရှုအားပေးစဉ်။

မြို့နယ်(ပြန်/ဆက်)



## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၂၂-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၀၀၀ | ၃၁ | ၂၄၈,၀၀၀ |
| MTSH | ၂,၈၅၀ | ၂,၉၀၀ | ၂၀၂ | ၅၇၅,၈၀၀ |
| MCB | ၇,၂၀၀ | ၇,၂၀၀ | ၁၉၀ | ၁,၃၆၈,၀၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၆,၃၀၃ | ၉,၄၅၄,၅၀၀ |
| TMH | ၂,၄၀၀ | ၂,၄၅၀ | ၂၅၁ | ၆၀၂,၄၅၀ |
| EFR | ၂,၅၀၀ | ၂,၅၀၀ | ၁,၁၅၀ | ၂,၈၇၅,၀၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရွှေဖုံးမှ

ဦးစွာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက ယခုကျင်းပသည့် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲသည် တက္ကသိုလ်လက်ရွေးစင်မှသည် မြန်မာ့လက်ရွေးစင်ဆီသို့ ဆိုသည့် ဦးတည်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး ထူးချွန်ထက်မြက်သည့် တက္ကသိုလ် ကျောင်းသား အားကစားသမားများကို ရွေးချယ်လေ့ကျင့်ပြီး ASEAN University Games(AUG)ဟု ခေါ်သည့် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲ အပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်ကြမည်ပင်ဖြစ်ကြောင်း။

ဘောလုံးအားကစားမှသည် မိမိတို့၏ တစ်ကိုယ်ရေကြံ့ခိုင်ပြီး ကျန်းမာရေး ကောင်းကျိုးကို ရရှိစေနိုင်မည်ဖြစ်ကြောင်း၊ အဆိုပါ ကောင်းကျိုးမှတစ်ဆင့် အသင်းအဖွဲ့နှင့် ကစားရသည့်အတွက် အချင်းချင်းစည်းလုံးညီညွတ်မှုကို ဖြစ်ပေါ်စေပြီး ပူးပေါင်းဆောင်ရွက်တတ်သည့်စည်းလုံးရေးစိတ်ဓာတ်ကို ရရှိစေမည်ဖြစ်သည့်အပြင် ထူးချွန်သည့် ဘောလုံးအားကစားသမားများကိုလည်း လာမည့် ၂၀၂၄ ခုနှစ် အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပမည့် (၂၁)ကြိမ်မြောက် အာဆီယံ တက္ကသိုလ်များ အားကစားပြိုင်ပွဲအတွက် ဘောလုံးလက်ရွေးစင် အားကစားသမားများအဖြစ် ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ဝန်ကြီးဌာနအဆင့်မှ နိုင်ငံတော်အဆင့်၊ အရှေ့တောင်အာရှ အဆင့်၊ အာရှအဆင့်မှသည် ကမ္ဘာ့အဆင့်အထိ ထိုးဖောက်နိုင်စေရေး ရည်မှန်းချက်ထား၍ မလျှော့သော ဇွဲ၊ လုံ့လ၊ အားမာန်၊ စိတ်ဓာတ်တို့ဖြင့် ကြိုးပမ်းအားထုတ်သွားကြရန် အလေးအနက် တိုက်တွန်းပြောကြား၍ ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များမှ ပြိုင်ပွဲဝင်အသင်းများက အားကစားသစ္စာအဓိဋ္ဌာန် ရွတ်ဆိုကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့်အဖွဲ့ဝင်များ ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင် အားကစားသမားများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ကြသည်။

ဆက်လက်၍ အခြေခံပညာ ကျောင်းသား ကျောင်းသူလေးများက ဘင်ခရာ၊ ပန်းဖွား အကများဖြင့် သရုပ်ဖော်ဖျော်ဖြေ တင်ဆက်ကြသည်။

**ကြည့်ရှုအားပေး**

ဖွင့်ပွဲအခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များသည် အဖွင့်ပွဲစဉ်အဖြစ် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာနအသင်းနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (က) အသင်းတို့ ယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးကြသည်။

ယနေ့ပြိုင်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (က) အသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဝန်ကြီးဌာန အသင်းကို ငါးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါ ဘောလုံးပြိုင်ပွဲ၌ အုပ်စု(က)တွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန (က) အသင်း၊ ပညာရေးဝန်ကြီးဌာန(ခ) အသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ အုပ်စု(ခ)တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်း၊ အုပ်စု(ဂ)တွင် ပညာရေးဝန်ကြီးဌာန(က)အသင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန(ခ)အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားသွားကြမည် ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ၂၀၂၃ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

# ဆောက်လုပ်ရေးဝန်ကြီးဌာနက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၂၂**

ဆောက်လုပ်ရေးဝန်ကြီးဌာနက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၆)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီတွင် နေပြည်တော် ရုံးအမှတ်(၁၁) ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual Conference စနစ်ဖြင့် ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် ကမ္ဘောဒီးယားနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ လာအိုဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ဘာသာရပ်ဆိုင်ရာ အဆင့်မြင့်အရာရှိများ တက်ရောက်ကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးဝဏ္ဏဇော်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီမှ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ GMS National Secretariat အဖြစ် တာဝန်ယူဆောင်ရွက်သည့် ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



**အမှာစကားပြောကြား**

အစည်းအဝေးတွင် သဘာပတိအဖြစ် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးက ဆောင်ရွက်ပြီး နှုတ်ခွန်းဆက် အမှာစကား ပြောကြား၍ တက်ရောက်လာသူများက မိတ်ဆက်စကားပြောကြားကြသည်။ ဆက်လက်၍ မဟာမဲခေါင်ဒေသခွဲ အတွင်းရေးမှူးရုံးမှ Mr. Alan Baird က (၅)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးတွင် ဆွေးနွေးခဲ့သည့် အကြောင်းအရာများနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲအစီအစဉ် ပထမပိုင်းတွင် မဟာမဲခေါင်ဒေသခွဲ အတွင်းရေးမှူးရုံးမှ Mr. Antonio Ressano က မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာဆောင်ရွက်ထားမှုများကို ရှင်းလင်းပြောကြားခဲ့ရာ တက်ရောက်လာသည့် အဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များက မိမိတို့ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသည်။

**ရှင်းလင်းဆွေးနွေး**

ဆွေးနွေးပွဲအစီအစဉ် ဒုတိယပိုင်းတွင် မဟာမဲခေါင်ဒေသခွဲ အတွင်းရေးမှူးရုံးမှ Mr. Antonio Ressano နှင့် Mr. Srivastava တို့က မဟာမဲခေါင်ဒေသခွဲ မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ မဟာဗျူဟာ မူဘောင်(၂၀၁၅-၂၀၂၂)နှင့် ဒေသတွင်းရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင်(၂၀၂၄-၂၀၂၆)တို့နှင့် ပတ်သက်၍ ပြန်လည်ဆန်းစစ်ခြင်းနှင့် ရှင်းလင်းဆွေးနွေးပြောကြားကြပြီး အဖွဲ့ဝင်နိုင်ငံများ၏ ကိုယ်စားလှယ်များက ၎င်းတို့၏ ဆောင်ရွက်ထားရှိမှုများ၊ ထပ်မံဆောင်ရွက်လိုသည့် ကိစ္စရပ်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

ထို့နောက် (၇)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် တာဝန်ယူကျင်းပရန် ရွေးချယ်သတ်မှတ်ခဲ့ကြပြီး နိဂုံးချုပ်အနေဖြင့် သဘာပတိ ညွှန်ကြားရေးမှူးချုပ် ဦးအောင်ကျော်စိုးက အမှာစကားပြောကြားကာ (၆)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းအဖွဲ့ အစည်းအဝေးကို နံနက် ၁၁ နာရီခွဲတွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးနိုင်ရေး စီမံဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးနိုင်ရေး စီမံဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**စစ်တွေ ဇွန် ၂၂**

ရခိုင်ပြည်နယ်အတွင်း မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ကွပ်ကဲရန် စစ်တွေမြို့၌ ရောက်ရှိနေသော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးလှမိုး၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့တွင် ဘုန်းတော်ကြီးကျောင်း၊ ခရစ်ယာန်ဘုရားရှိခိုးကျောင်းနှင့် ဟိန္ဒူဘုရားကျောင်းများ ပြုပြင်ရေး အလှူငွေပေးအပ်ခြင်းနှင့် ဘိုးဘွားရိပ်သာများနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများသို့ ထောက်ပံ့ငွေများပေးအပ်ခြင်း အခမ်းအနားသို့တက်ရောက်ပြီး စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသည့် သင်္ဘောများပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးနိုင်ရေး စီမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

## တက်ရောက်

ဦးစွာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်ရုံး ညှိနှိုင်းအစည်းအဝေးခန်းမ၌ကျင်းပသည့် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားရှိခိုးကျောင်းများပြုပြင်ရေး အလှူငွေပေးအပ်ခြင်းနှင့် ဘိုးဘွားရိပ်သာများနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာများသို့ ထောက်ပံ့ငွေများ ပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းနှင့် ဘုရားကျောင်းများပြုပြင်ရေး အလှူငွေပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က ဝေဠုဝန် ဘုန်းတော်ကြီးသင်ပညာရေးကျောင်း၊ ရှင်မာကုကသီဒြယ်ခရစ်ယာန် ဘုရားရှိခိုးကျောင်းနှင့် သျှီရီ သျှီရီမိုဟာဒေဗ့်ဘာရီ (မဟာသိဝ) ဟိန္ဒူဘုရားကျောင်းများသို့ အလှူငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ဘိုးဘွားရိပ်သာများနှင့် လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများသို့ ထောက်ပံ့ငွေကျပ် ၁၁၈၀ သိန်းအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းထံ ပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့သည် မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်တွေမြို့ ကမ်းနားလမ်းရှိ ကျောက်စီမြေထိန်းနံရံ၊ ကွန်ကရစ်လမ်း၊ ပလက်ဖောင်းများပျက်စီးနေမှုနှင့် ပြန်လည်ပြုပြင် တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းက မူလအခြေအနေထက် ပိုမိုကြံ့ခိုင်ကောင်းမွန်အောင် တည်ဆောက်သွားရန်နှင့် အများပြည်သူ အပန်းဖြေနိုင်ရေးအတွက် သန့်ရှင်းသာယာလှပရေး လုပ်ငန်းများ ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်းသို့ သွားရောက်ပြီး သင်္ဘောဖြင့် ရောက်ရှိလာသည့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် အသုံးပြုမည့် ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးနိုင်ရေး စီမံဆောင်ရွက်နေမှုများ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့သည် မြန်မာ့ဆိပ်ကမ်း အာဏာပိုင် ဖောင်တော်ကြီး ဆိပ်ခံတံတား၌ ဆိုက်ကပ်ထားသည့် ပြည်တော်အေး-၄ သင်္ဘောပေါ်မှ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့်ပစ္စည်းများကို လူအင်အား၊ စက်ယန္တရားအင်အားများ အသုံးပြု၍ ဘေးသင့်ဒေသများသို့ ဖြန့်ခွဲပေးနိုင်ရေး စီမံဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

## ကြပ်မတ်ဆောင်ရွက်

ယင်းနောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့သည် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သည့် ကစ္စပရပ်ကွက်ကမ်းနားလမ်း ပျက်စီးချို့ယွင်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ပြုပြင်မွမ်းမံ ထိန်းသိမ်းနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဦးလှမိုး၊ ဦးမျိုးသန့်၊ ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဒုတိယဝန်ကြီးများသည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြပြီး လုပ်ငန်းကော်မတီများ အလိုက် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်းသည့် အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှုများ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် လုပ်ငန်းတိုးတက်မှုအခြေအနေ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ စစ်တွေမြို့ ကမ်းနားလမ်း ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့်အဖွဲ့ စစ်တွေမြို့ ကမ်းနားလမ်း ပြန်လည်ပြုပြင်တည်ဆောက်လျက်ရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် သျှီရီ သျှီရီမိုဟာဒေဗ့်ဘာရီ(မဟာသိဝ) ဟိန္ဒူဘုရားကျောင်းများသို့ အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒီပလိုမာ(ဗုဒ္ဓဓမ္မ) အောင်လက်မှတ်ချီးမြှင့်အပ်နှင်းပွဲနှင့် သင်တန်းသားသစ် ကြိုဆိုပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၂**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (၂၀၂၂-၂၀၂၃) ပညာသင်နှစ်တွင် ဒီပလိုမာ သင်တန်းအသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပသင်တန်းသားများအား ဒီပလိုမာ(ဗုဒ္ဓဓမ္မ) အောင်လက်မှတ် ချီးမြှင့်အပ်နှင်းပွဲနှင့် (၂၀၂၃-၂၀၂၄) ပညာသင်နှစ် သင်တန်းသားသစ် ကြိုဆိုပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် Seminar Hall ၌ ကျင်းပသည်။

အခမ်းအနားသို့ အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိကဗဟုဇနဟိတဓရ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ မထေရ်မြတ် အမှူးပြုသော သင်ကြားဆရာတော်ကြီးများ၊ သင်ကြားသီလရှင်ဆရာကြီးများ၊ (၂၀၂၂-၂၀၂၃) ပညာသင်နှစ်တွင် ဒီပလိုမာ(ဗုဒ္ဓဓမ္မ) သင်တန်းအသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပသင်တန်းသားများနှင့် (၂၀၂၃-၂၀၂၄) ပညာသင်နှစ်သို့ တက်ရောက်ကြမည့် ပြည်တွင်း၊ ပြည်ပသင်တန်းသားသစ်များ ကြွရောက်တော်မူကြသည်။

အစီအစဉ်အရ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တဆေကိန္ဒက ဩဝါဒကထာနှင့် သမ္မောဒနိယသန္ဒေသကထာ မိန့်ကြားချီးမြှင့်တော်မူပြီး ကြိုဆိုနှုတ်ခွန်းဆက်စကား မိန့်ကြားသည်။




ထို့နောက် ပါမောက္ခချုပ်ဆရာတော်က (၂၀၂၂-၂၀၂၃) ပညာသင်နှစ်တွင် ဒီပလိုမာသင်တန်း အသီးသီးသို့ တက်ရောက်အောင်မြင်ခဲ့ကြသော ပြည်တွင်း၊ ပြည်ပ သင်တန်းသားများအား ဒီပလိုမာ (ဗုဒ္ဓဓမ္မ) အောင်လက်မှတ်များ ပေးအပ်ချီးမြှင့်တော်မူပြီး အောင်လက်မှတ်ရသင်တန်းသားများက အဓိဋ္ဌာန်ပြုတော်မူကြသည်။

ထို့နောက် (၂၀၂၃-၂၀၂၄) ပညာသင်နှစ် သင်တန်းအသီးသီးသို့ တက်ရောက်ကြမည့် ပြည်တွင်း၊ ပြည်ပ သင်တန်းသားသစ် ရဟန်းတော်များအား တက္ကသိုလ်တံဆိပ်ပါ ကတ္တီပါယပ်များကိုလည်းကောင်း၊ သင်တန်းသားသစ် သီလရှင်များ၊ အမျိုးသားများနှင့် အမျိုးသမီးများအား တက္ကသိုလ်တံဆိပ်ပါ ယောဂီလောဘက်များကိုလည်းကောင်း သင်တန်းသားသစ်များအဖြစ် အသိအမှတ်ပြုသောအားဖြင့် အပ်နှင်းချီးမြှင့်တော်မူသည်။

အပြည်ပြည်ဆိုင်ရာထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်ကို ၁၉၉၈ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ခဲ့ပြီး ထေရဝါဒဗုဒ္ဓသာသနာတော် ကမ္ဘာတစ်ဝန်းလုံးတွင် ပြန့်ပွားစေရန်၊ သင်္ဂါယနာ ခြောက်တန်တင် ထေရဝါဒ ပိဋကတ်စာပေများကို မူရင်းအတိုင်း သင်ယူခွင့်ရရှိပြီး လိုက်နာကျင့်သုံးနိုင်စေရန်၊ အကုသိုလ်ဖြစ်စေမည့် ဒုစရိုက်မှုများကို သိရှိရှောင်ကြဉ်၍ ကုသိုလ်ဖြစ်စေမည့် သုစရိုက်မှုများကို သိရှိဖြည့်ဆည်း ကျင့်သုံးနိုင်စေရန်၊ ကမ္ဘာတစ်ဝန်းလုံးဖြပ္မစိုရ်တရားထွန်းကား၍ ငြိမ်းချမ်းသာယာသည့် လူ့ဘောင်လောကကြီး ဖြစ်လာနိုင်စေရန်၊ ပရိယတ္တိဆိုင်ရာ ပိဋကတ်စာပေ ကျွမ်းကျင်နှံ့စပ်၍ ပဋိပတ္တိဆိုင်ရာ အကျင့်သီလနှင့် ပြည့်စုံသောသာသနာပြုပုဂ္ဂိုလ်များ တိုးပွားလာစေရန်၊ ထေရဝါဒပိဋကတ်တော်များကို မူရင်းအတိုင်း လေ့လာသင်ယူလိုသည့် ပြည်တွင်း၊ ပြည်ပ သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးနိုင်ရန်၊ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားရေးအတွက် ပြည်တွင်း၊ ပြည်ပရှိ ဗုဒ္ဓဘာသာဆိုင်ရာ တက္ကသိုလ်များ၊ တက္ကသိုလ်၏ ရည်မှန်းချက်ကို အထောက်အကူပြုစေမည့် အခြားတက္ကသိုလ်များနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်နိုင်စေရန်၊ ထေရဝါဒဗုဒ္ဓသာသနာ ပြန့်ပွားထွန်းကားရေးအတွက် နိုင်ငံတကာသို့ သာသနာပြုစေလွှတ်နိုင်ရန် အစရှိသော ရည်ရွယ်ချက်များဖြင့် ထေရဝါဒဗုဒ္ဓသာသနာပြုသင်တန်း အသီးသီးကို ဖွင့်လှစ်သင်ကြားလျက်ရှိပြီး (၂၀၂၃-၂၀၂၄) ပညာသင်နှစ်တွင် မြန်မာနိုင်ငံအပါအဝင် ပြည်တွင်း၊ ပြည်ပ ၁၈ နိုင်ငံမှ သင်တန်းသားရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ် စုစုပေါင်း ၃၁၁ ပါး/ဦး တက်ရောက်သင်ယူလျက်ရှိကာ ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာ၊ ပါဠိ၊ သမထ၊ ဝိပဿနာ ဘာသာရပ်များအား မြတ်ဗုဒ္ဓ၏ ထေရဝါဒဒေသနာတော်နှင့်အညီ ဦးစားပေး သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် မိုခါမုန်တိုင်းဒဏ်သင့် စာရင်းစစ်ရုံးဝန်ထမ်းများအား ဒုတိယအကြိမ် ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် ဇွန် ၂၂**

ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦးသည် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန် ဒေါ်ခိုင်ခိုင်အောင် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး၌ ကျင်းပသည့် မိုခါမုန်တိုင်းဒဏ်သင့် စာရင်းစစ်ရုံးဝန်ထမ်းများအား ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က ယနေ့အခမ်းအနားသည် ရခိုင်ပြည်နယ်ရှိ မိုခါမုန်တိုင်းဒဏ်သင့် စာရင်းစစ်ရုံးဝန်ထမ်းများအား ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ရုံးဝန်ထမ်းများနှင့် ပုဂ္ဂလိကများက ပရဟိတစိတ်၊ မိသားစုစိတ်ဓာတ်ဖြင့် ဒုတိယအကြိမ် စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၁၅၆ သိန်းကို ထောက်ပံ့ပေးအပ်ခြင်းအခမ်းအနား ဖြစ်ကြောင်း၊ မိုခါမုန်တိုင်းဒဏ်သင့် စာရင်းစစ်ရုံးဝန်ထမ်းများနှင့် မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ရုံးအဆောက်အအုံများ ပြုပြင်နိုင်ရေးအတွက် ထောက်ပံ့ငွေကျပ်သိန်း ၁၄၀၊ ဘုရားစေတီများ ပြုပြင်ရန် အလှူငွေကျပ်ခြောက်သိန်း၊ သာသနိကအဆောက်အအုံများနှင့် ဘုန်းတော်ကြီးကျောင်းများ ပြုပြင်မွမ်းမံရန် အလှူငွေကျပ် ၁၀ သိန်း စုစုပေါင်းထောက်ပံ့လှူဒါန်းငွေကျပ် ၁၅၆ သိန်းဖြစ်ကြောင်း၊ ပထမအကြိမ် လှူဒါန်းမှုအနေဖြင့်လည်း ဇွန် ၅ ရက်က ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ပြည်ထောင်စုနယ်မြေအတွင်းရှိစာရင်းစစ်ရုံးများ၊ တိုင်းဒေသကြီး/ပြည်နယ်စာရင်းစစ်ချုပ်ရုံးများနှင့် ရွှေစပါးကုမ္ပဏီမိသားစုတို့ကလှူဒါန်းသည့် အလှူငွေ စုစုပေါင်းငွေကျပ် ၂၀၉ သိန်းတစ်သောင်းနှင့် ပစ္စည်းတန်ဖိုး ၁၆၈ သိန်းနှစ်သောင်း စုစုပေါင်းငွေနှင့် ပစ္စည်းတန်ဖိုး ငွေကျပ် ၃၇၇ သိန်း သုံးသောင်းကို စစ်ဆေးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်သန်းကြည်မှတစ်ဆင့် လှူဒါန်းခဲ့ပါကြောင်း၊ လှူဒါန်းရရှိမှုများကို ထိရောက်အကျိုးရှိစွာ မျှဝေသုံးစွဲနိုင်ရေးအတွက် စီမံဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်က ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံးနှင့် ရခိုင်ပြည်နယ်အတွင်းရှိ ဒေသစာရင်းစစ်ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်ပြီး ဝန်ထမ်းများ ကိုယ်စား ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူး ဦးအေးငွေက လက်ခံရယူ၍ ကျေးဇူးတင်စကား ပြောကြားသည်။




ထို့နောက် ရခိုင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး ညွှန်ကြားရေးမှူးနှင့် ခရိုင်၊ မြို့နယ်စာရင်းစစ်ရုံး တာဝန်ခံများက ရုံးလုပ်ငန်းဆိုင်ရာများ၊ မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ပြင်ဆင်ပြီးစီးမှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အမြဲတမ်းအတွင်းဝန်က ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က လိုအပ်သည်များလမ်းညွှန်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများသည် စစ်တွေခရိုင်နှင့် မြို့နယ်စာရင်းစစ်ရုံးများသို့ ရောက်ရှိပြီး အဆောက်အအုံ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ အားပေးစကားပြောကြားပြီး လိုအပ်သည်များကို လမ်းညွှန်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

# သံဖြူဇရပ်မြို့နယ်၌ တိရစ္ဆာန်အစာ တောကူယံမြက်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြ

**သံဖြူဇရပ် ဇွန် ၂၂**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက မိုးရာသီတိရစ္ဆာန်အစာပင်များစိုက်ပျိုးခြင်း ရက်သတ္တပတ် အစီအစဉ်အဖြစ် သံဖြူဇရပ်မြို့ ဝဲကလီကျေးရွာ အမှတ်(၄) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းရှိ စိုက်ပျိုးမြေ၌ တောကူယံမြက်မျိုး ၁ ဒသမ ၅ ဧက စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။



ကွင်းသရုပ်ပြသ စိုက်ပျိုးရာတွင် အမှတ်(၄) တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းမှ ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ထွန်းနိုင်ဦးနှင့် တပ်မတော်သားများ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မိုးလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမင်းငွေထွန်းနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ တက်ရောက် စိုက်ပျိုးခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

# အင်္ဂပူမြို့၌ ပလတ်စတစ်အိတ်မသုံးစွဲရေး အသိပညာပေး

**အင်္ဂပူ ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ် စည်ပင်သာယာရေးအဖွဲ့က အပတ်စဉ်ဗုဒ္ဓဟူးနေ့နှင့် တနင်္ဂနွေနေ့တိုင်း ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းရနေ့ သတ်မှတ်အသိပညာပေးဆောင်ရွက်ခြင်းကို အင်္ဂပူမြို့မဈေးအတွင်း၌ ယမန်နေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် စားသုံးသူရေးရာဦးစီးဌာန တာဝန်ရှိသူများပူးပေါင်း၍ ဈေးရောင်းချသူများ ပလတ်စတစ်အိတ် သုံးစွဲမှု ရှိ၊ မရှိ စစ်ဆေးပြီး ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းရနေ့ သတ်မှတ်ခြင်းကို မြို့နယ်အတွင်းရှိ မြို့မဈေး၊ ထူးကြီးဈေး၊ မဲဇလီကုန်းဈေးနှင့် ကျေးလက်ဈေးများ အားလုံးတို့တွင် လက်ကိုင်အသံချဲ့စက်များဖြင့် နှိုးဆော်ခဲ့ကြောင်းသိရသည်။



**မြို့နယ်(ပြန်/ဆက်)**

# "မိုခါ" မုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များ (၇) (ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန)

မြင့်စိုး(နတလ)

### ဖျတ်ခနဲ အမှတ်ရလိုက်မိသော မှတ်တမ်းခေတ်ပုံလေးများ

မိုခါမုန်တိုင်းဒဏ်သင့် စစ်တွေမြို့ကြီး မေလ ၁၄ ရက်နေ့မှစ၍ မီးအမှောင်ကျသွားခဲ့သည်။ တာဝန်ရှိသူများ၏ စီမံကွပ်ကဲမှု၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းများ၏ ကြိုးပမ်းမှုတို့ဖြင့် မေလ ၂၅ရက်နေ့တွင်လောကာနန္ဒာစေတီတော်ကြီးအား လျှပ်စစ်မီးပူဇော်နိုင်ခဲ့သလို စစ်တွေမြို့တွင်း လမ်းမကြီးများကို မီးလင်းစေခဲ့သည်။ 500 KVA မီးစက်ဖြင့် ယာယီပေးခဲ့ခြင်းဖြစ်၏။ တစ်ပြိုင်တည်းမှာပင် တယ်လီဖုန်းများ အားသွင်းရန်၊ အိမ်သုံးလျှပ်စစ်မီးအိမ်များ အားသွင်းရန် နေရာ ရှစ်ခုသတ်မှတ်၍ စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ညစဉ်ညတိုင်း လာရောက်အားသွင်းသူ ရာထောင်ချီ၍ရှိခဲ့သည်။ ကိုယ်ပိုင်မီးစက်မသုံးနိုင်သူများအဖို့တော့ ၁၀ ရက်ခန့်အကြာတွင် လျှပ်စစ်မီးကို ပြန်မြင်ရခြင်း၊ ဖုန်းအားသွင်းနိုင်ခြင်းသည် ကမ္ဘာဦးလူတို့ နေနှင့်လကို စမြင်လိုက်ရသကဲ့သို့ အံ့ဩဝမ်းသာဖြစ်မိကြမှာမလွဲပေ။ လူတစ်ဦးချင်းစီအတွက်၊ မိသားစုအတွက်၊ မိမိတို့လုပ်ငန်းဆောင်တာများအတွက် ဆက်သွယ်ရေးကဏ္ဍသည် မရှိမဖြစ်လိုအပ်နေသည် မဟုတ်ပါလား။



စစ်တွေမြို့တွင်း ဆက်သွယ်ရေးလိုင်းများအား ပြန်လည်ပြုပြင်ဆောင်ရွက်ပေးနေစဉ်။

ထိုနေ့ထိုရက်များက ယဉ်ကျေးမှုပြတိုက်ရှေ့နှင့် ကားကြီးဝင်းတို့တွင် စစ်တွေမြို့သူမြို့သားများစွာ တယ်လီဖုန်းအားသွင်းရန် စုဝေးရောက်ရှိနေသည့် မှတ်တမ်းခေတ်ပုံလေးများကို မြင်လိုက်ရသောအခါ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် တာဝန်ထမ်းဆောင်ခဲ့စဉ်စုဆောင်း သိမ်းဆည်းထားသော မှတ်တမ်းခေတ်ပုံလေးများကို အမှတ်ရမိသည်။ ၁၉၈၉ ခုနှစ် မေလ ၉ ရက်နေ့၌ 'ဝ' တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာခဲ့ချိန်မှစ၍ 'ဝ' ဒေသ ဝိန်းကောင်၊ ပန်ဆန်း၊ မိုင်းမောဒေသများတွင် နယ်စပ်ဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့သည်။ ဟိုပန်-မိုင်းမော-ပန်ဆန်းလမ်းက တစ်ကြောင်းထိုးမြေလမ်းသာသာအဆင့်မျှသာ၊ တာကော်အက်- ဝိန်းကောင်- ပန်ဆန်းလမ်းကလည်းဖောက်လုပ်ဆဲ။ ထိုကဲ့သို့ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသည့်အချိန်မှာပင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေးဗဟိုကော်မတီ၊ လုပ်ငန်းကော်မတီတို့၏လမ်းညွှန်မှုဖြင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်း ဆပ်ကော်မတီသည် ပန်ဆန်းမြို့ (၁၉၈၉ ခုနှစ်က ပန်ဆန်းကျေးရွာ)သို့ ရုပ်ရှင်ပြစက်များ ပို့ဆောင်ကာ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှု သတင်းမှတ်တမ်းကားများပြသပေးခြင်း၊ အပေါ်စက်၊ အောက်စက်ဟုခေါ်သည့် ဗီဒီယိုပြစက်များဖြင့် ဗီဒီယိုဇာတ်ကားများ ပြသပေးခြင်း၊ သတင်းနှင့် စာနယ်ဇင်းအဖွဲ့များ စေလွှတ်၍ ဆောင်းပါးများရေးသားခြင်း၊ နယ်စပ်ဖွံ့ဖြိုးရေးဆိုင်ရာ ရုပ်သံအစီအစဉ်များ ရိုက်ကူးပြသခြင်းတို့ ဆောင်ရွက်စေခဲ့သည်။ ကိုးကန့်ဒေသ၊ ကျိုင်းတုံအရှေ့ဒေသ (မိုင်းလားဒေသ) များဆီသို့လည်း အလားတူစေလွှတ်ပေးခဲ့သည်။

ထိုအချိန်ကာလတုန်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ပင်တိုင်ဓာတ်ပုံဆရာများ ဖြစ်သော ကိုအောင်တင်၊ ကိုသန်းအောင်၊ ကိုခင်မောင်ကျော်၊ ကျော်ဆွေမိုး၊ မိုးမင်းလှိုင်တို့၏ လက်ရာတွေပဲလားတော့မသိ၊ ပန်ဆန်းမြို့ ဘုန်းတော်ကြီးကျောင်းမှာ ဗီဒီယိုဇာတ်ကားပြသနေသည်ကို 'ဝ' တိုင်းရင်းသား တိုင်းရင်းသူ ၂၀၀ ခန့် ဝိုင်းအုံကြည့်ရှု သဘောကျရယ်မောနေလိုက်ကြသည်များ ရိုက်ထားသည်မှာ အသက်ဝင်လှသည်။ မိုင်းလားဒေသမှာလည်း ထိုနည်းတူစွာပင် သက်ငယ်မိုးထရံကာ မိုင်းလား အ.မ.ကကျောင်းလေး ရှိရာသို့ကျောင်းတက်ရန် သွားနေကြသော ကျောင်းသားလေးများကို ရိုက်ထားသည့်ပုံ၊ ယခင်မိုင်းလားကျေးရွာငယ်လေးပုံ စသည်တို့ကို မှတ်တမ်းတင်ခဲ့ကြသည်။ ယနေ့အချိန်အခါမှာတော့ ပန်ဆန်းသည်လည်းကောင်း၊ မိုင်းလားသည်လည်းကောင်း၊ ကိုးကန့်ဒေသ လောက်ကိုင်မြို့သည် လည်းကောင်း ဟည်းဟည်းထနေသည့် မြို့ကြီးများအဖြစ်သို့ ရောက်ရှိနေပြီဆိုတော့ကာ ကျွန်တော် တယုတယသိမ်းဆည်းထားသော အဆိုပါခေတ်ပုံလေးများက ပန်ဆန်းရွာ၊ မိုင်းလားရွာလေးများအကြောင်း၊ ငြိမ်းချမ်းရေး၏အသီးအပွင့်များအကြောင်း ပြန်ပြောင်းပြောပြကြပါလိမ့်မည်။ "မိုခါ" မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် နိုင်ငံတော်အစိုးရက ဆောင်ရွက်ပေးနေသည့် လုပ်ငန်းဆိုင်ရာမှတ်တမ်းခေတ်ပုံများသည်လည်း တစ်ချိန်မှာ ရခိုင်တိုင်းရင်းသားများအတွက် အမှတ်တရရှိနေကြပါလိမ့်မည်။ စကားပြောသော ခေတ်ပုံလေးများ ဖြစ်လာကြပါလိမ့်မည်။


ဆက်သွယ်ရေးကွန်ကရစ်တိုင်များအား ပြန်လည်စိုက်ထူပေးနေစဉ်။


ပြန်လည်ပြုပြင်ဆောင်ရွက်ပြီးစီးခဲ့သော ဆက်သွယ်ရေးတာဝါတိုင်။

### ဆက်သွယ်ရေးကဏ္ဍ ကြိုတင်စီစဉ်ဆောင်ရွက်မှုများ

မုန်တိုင်း ဝင်ရောက်တိုက်ခတ်ပြီဆိုလျှင် လျှပ်စစ်မီးများ ပြတ်တောက်သွားမည်ဖြစ်သလို ဆက်သွယ်ရေးကဏ္ဍသည်လည်း အနည်းနှင့်အများ ထိခိုက်ပျက်စီးမှုများနှင့် ကြုံတွေ့ရတော့မည်မှာ မလွဲပေ။ သည့်အတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာနသည် အကောင်းဆုံး ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း တွေ့ရသည်။ အကယ်၍ မုန်တိုင်းဒဏ်ကြောင့် မိုက်ခရိုဝေ့ဗ်နှင့် ဖိုင်ဘာဆက်ကြောင်းများ ပြတ်တောက်မှုဖြစ်ပေါ်ခဲ့သော် အရေးပေါ်ဆက်သွယ်ဆောင်ရွက်နိုင်ရန် တယ်လီဖုန်းလေးလုံးနှင့် အင်တာနက်စနစ်အသုံးပြုနိုင်သော ဂြိုဟ်တုဆက်သွယ်ရေးစနစ်သုံး Satellite Terminal ၁၀ စုံကို ရခိုင်ပြည်နယ်အတွင်း၌ ကျောက်ဖြူ၊ ဘူးသီးတောင်၊ မောင်တော၊ ရသေ့တောင်၊ ပေါက်တောနှင့် စစ်တွေမြို့၊ ချင်းပြည်နယ်အတွင်းမှ မတူပီနှင့် မင်းတပ်မြို့၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ကိုကိုးကျွန်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ စသည့်မြို့တို့တွင် ကြိုတင်ပို့ဆောင်ထားရှိခဲ့သည်။ အလားတူ မိုဘိုင်းယာဉ်လေးစီးကို ရန်ကုန်၊ စစ်တွေ၊ ကျောက်ဖြူ၊ ပုသိမ်မြို့တို့တွင် ဖြန့်ခွဲထားရှိခဲ့ပြီး တိကျသော မိုးလေဝသခန့်မှန်းချက်များ ထွက်ပေါ်လာချိန်တွင် စစ်တွေမြို့သို့ လေးစီးစလုံး ပို့ဆောင်ထားရှိပေးခဲ့သည်။ MPT Satellite Terminal စနစ်များနှင့် မိုဘိုင်းယာဉ်များကို ဒေသအလိုက် ကြိုတင်စစ်ဆေးစမ်းသပ်မှုများ ပြုလုပ်ခဲ့ကြသည်။

### မိုဘိုင်းဖုန်းများမှ သတိပေးစာတိုများပေးပို့ခဲ့

မိုခါမုန်တိုင်းမဝင်ရောက်မီ အကြိုကာလများတွင် ရခိုင်ပြည်နယ်အပါအဝင် ဧရာဝတီ၊ ချင်း၊ မကွေး၊ စစ်ကိုင်းတို့သည်လည်း အခြေအနေအရပ်ရပ်ကို ကြိုတင်မြော်တွေးလျက် ပြင်ဆင်ဆောင်ရွက်ခဲ့ကြရသည်။ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက်များ ရရှိလာချိန်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မိုဘိုင်းဖုန်းသုံးစွဲသူများထံသို့ သတိပေးစာတို(Shot Message SMS) များကို အချိန်နှင့်တစ်ပြေးညီ ပေးပို့ခဲ့သည်။ မှတ်တမ်းများအရ မေလ ၈ ရက်နေ့မှ ၁၄ ရက်နေ့ နံနက်ခင်းအထိ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ မိုဘိုင်းဖုန်းသုံးစွဲသူ ၃၁ သန်းကျော်ထံသို့ ၁၁ ကြိမ်တိတိ SMS ပေးပို့ထားကြောင်း သိရှိရသည်။

### 'မိုခါ'ဝင်ရောက်တိုက်ခတ်ပြီးနောက် ထိခိုက်ပျက်စီးမှုများ

မေလ ၁၄ ရက်နေ့ ရခိုင်ပြည်နယ်အတွင်းသို့ မိုခါဝင်ရောက်လာပြီးနောက် ရခိုင်ပြည်နယ် အမ်းမြို့နယ်နှင့် ၎င်းနှင့်ဆက်စပ်နယ်မြေ မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်အတွင်း ပင်မဖိုင်ဘာကေဘယ်လ်ပြတ်တောက်မှု ငါးနေရာဖြစ်ပေါ်ခဲ့သည်။ စစ်တွေ၊ ရသေ့တောင်၊ ပုဏ္ဏားကျွန်းနှင့် မောင်တောမြို့တို့တွင် တာဝါတိုင် ၁၀ တိုင်ပြိုလဲခြင်း၊ မြို့တွင်းဖိုင်ဘာကေဘယ်လ်များ ပြတ်တောက်ခြင်း၊ မြို့တွင်းနှင့် အဝေးဆက်သွယ်ရေး မိုက်ခရိုဝေ့ဗ်ဆက်ကြောင်းများ ပြတ်တောက်ခြင်းတို့ကြောင့် ဆက်သွယ်ရေးစခန်းများထိခိုက်ပျက်စီးခဲ့သည်။

စာမျက်နှာ ၇ သို့ ✧

✧ စာမျက်နှာ ၆ မှ

ရခိုင်ပြည်နယ်အတွင်း၌ မိုဘိုင်းစခန်း ၁၂၃၃ ခုရှိသည့်အနက် စခန်း ၉၀၄ ခု ဆက်သွယ်မှု ပြတ်တောက်သွားပြီး ကျန်စခန်း ၃၂၉ ခုသာ ဝန်ဆောင်မှုပေးနိုင်တော့သည့်အခြေအနေဖြစ်ပေါ်ခဲ့သည်။ တစ်နည်းအားဖြင့် ၂၆ ဒသမ ၆၈ ရာခိုင်နှုန်းသာ ကောင်းမွန်ပါတော့သည်။ စစ်တွေမြို့တွင်း၌လည်း မြန်မာ့ဆက်သွယ်ရေး လုပ်ငန်းများ၏ ကွန်ကရစ်တိုင် စုစုပေါင်း တိုင် ၄၅၀ နှင့် ကေဘယ်လ်ကွန်ရက်၏ ၉၀ ရာခိုင်နှုန်းခန့် ပျက်စီးချို့ယွင်းသွားခဲ့သည်။

**ကြီးကြပ်ကွပ်ကဲရေးတာဝန်နှင့်စုဖွဲ့မှု**

မိုခါမုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည် ထူထောင်ရေးလုပ်ငန်းများ အနီးကပ် ကြီးကြပ်ကွပ်ကဲရန်အတွက် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တို့ တာဝန်ပေးခြင်းခံရသည်။ မေလ ၁၅ ရက်နေ့တွင် ကွပ်ကဲမှုစတင်ရယူခဲ့ကြသည်။ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အတူ အမြဲတမ်းအတွင်းဝန် ဦးစိုးသိန်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမျိုးမင်းဦးတို့ အတူပါရှိလာသလို အခြားသောဦးစီးဌာန၊ လုပ်ငန်းများမှ တာဝန်ရှိသူများလည်း အင်နှင့်အားနှင့် ရောက်ရှိလာကြသည်။ လေကြောင်းပို့ဆောင်ရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုးနှင့် အဖွဲ့ဝင် ၁၂ ဦး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး အထွေထွေမန်နေဂျာ ဦးဝင်းကိုအောင်နှင့် လေးဦး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်နှင့် တစ်ဦး၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းလှိုင်နှင့် နှစ်ဦး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးကိုကိုနိုင်နှင့် နှစ်ဦး၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဦးနွေမိုးငြိမ်း၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး သူရဦးအောင်မျိုးမြင့်နှင့် နှစ်ဦး၊ မြန်မာ့စာတိုက်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခမ်းအောင်၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးဆွေ၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဒုတိယအထွေထွေမန်နေဂျာ ဦးရဲမင်းဦးတို့ပါဝင်သည်။

ရခိုင်ပြည်နယ် ဆက်သွယ်ရေးကဏ္ဍ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရေးအတွက် ဝန်ထမ်းအင်အားစုဖွဲ့ပြင်ဆင်မှုကလည်း အားရစရာကောင်းလှသည်။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ၃၁၇ ဦး၊ Ooredoo မှ ၅၈ ဦး၊ ATOM မှ ၈၂ ဦး၊ Telecom International မှ ၇၉ ဦး စုစုပေါင်း ၅၃၆ ဦး ပါဝင်ထမ်းဆောင်လျက်ရှိသည်။ တစ်ဖက်က အော်ပရေတာများအလိုက် ဆက်သွယ်မှုအမြန်ပြန်ရစေရန် မိုဘိုင်းယာဉ်များနှင့် Satellite Terminal များကို သက်ဆိုင်ရာမြို့အလိုက် အရေးကြီးနေရာများတွင် တပ်ဆင်ခြင်း၊ ချို့ယွင်းသွားသော ပင်မဖိုင်ဘာများနှင့် မိုက်ခရိုဝေ့ဗ်ဆက်ကြောင်းများ ပြုပြင်ခြင်း၊ အခြားလမ်းကြောင်းများမှ ပြောင်းလဲချိတ်ဆက်ခြင်း၊ ချို့ယွင်းပစ္စည်းများကို အရန်ပစ္စည်းများနှင့် အစားထိုးလဲလှယ်ခြင်း၊ မြို့တွင်းကေဘယ်လ်ကွန်ရက်များ ပြုပြင်ခြင်းတို့ ဆောင်ရွက်ခဲ့သည်။ အခြားတစ်ဖက်တွင်လည်း မြို့တွင်းကေဘယ်လ်များ ပြန်လည်ကောင်းမွန်စေရန် ကျိုးကျပျက်စီးသွားသော ကွန်ကရစ်တိုင်များနှင့် ကေဘယ်လ်များအား ဖယ်ရှားရှင်းလင်းခြင်း၊ အသစ်သွယ်တန်းခြင်းတို့ ဆောင်ရွက်ခဲ့ကြရသည်။ ကျိုးကျပျက်စီးသွားသော ကွန်ကရစ်တိုင်များနေရာတွင် ရှစ်မီတာတိုင် ၄၀၀ အစားထိုး ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။ ပျက်စီးသွားသော ကော့ပါးကေဘယ်လ်များနေရာတွင် ဖိုင်ဘာကေဘယ်လ် ၆၃၀၀၀ မီတာဖြင့် အစားထိုးတပ်ဆင်ပေးမည်ဖြစ်ရာ လာမည့်ဇူလိုင်လလယ်တွင် ပြီးစီးမည်ဖြစ်သည်။ ယင်းကဲ့သို့ ဝန်ထမ်းအင်အား စုဖွဲ့မှုအားကောင်းစွာဖြင့်လည်းကောင်း၊ ယာဉ်နှင့် ကရိန်းကားအစီး ၃၀ အသုံးပြု၍လည်းကောင်း ဆောင်ရွက်ခဲ့ခြင်းကြောင့် ဇွန်လ ၁၂ ရက်နေ့ထိ မိုဘိုင်းစခန်း ၁၂၁၇ ခု၊ ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၀ ရာခိုင်နှုန်း ပြန်လည်၍ ဝန်ဆောင်မှုပေးနေပြီဖြစ်သည်။

> ❝ မိုခါမုန်တိုင်း မဝင်ရောက်မီ အကြိုကာလများတွင် ရခိုင်ပြည်နယ်အပါအဝင် ရောဝတီ၊ ချင်း၊ မကွေး၊ စစ်ကိုင်းတို့သည်လည်း အခြေအနေအရပ်ရပ်ကို ကြိုတင်မျော်တွေးလျက် ပြင်ဆင်ဆောင်ရွက်ခဲ့ကြရသည်။ သဘာဝဘေးအန္တရာယ် ကြိုတင်သတိပေးချက်များ ရရှိလာချိန်တွင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းအနေဖြင့် မိုဘိုင်းဖုန်းသုံးစွဲသူများထံသို့ သတိပေးစာတို (Shot Message SMS) များကို အချိန်နှင့်တစ်ပြေးညီပေးပို့ခဲ့သည်။ မှတ်တမ်းများအရ မေလ ၈ ရက်နေ့မှ ၁၄ ရက်နေ့နံနက်ခင်းအထိ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးတို့မှ မိုဘိုင်းဖုန်းသုံးစွဲသူ ၃၁ သန်းကျော်ထံသို့ ၁၁ ကြိမ်တိတိ SMS ပေးပို့ထားကြောင်း သိရှိရ ❞




ခရီးအဆုံးက ရေချမ်းပြင် ဘူတာရုံကလေး။

**အလှူဒါနပြုကြသူငါ SMS မှာ**

မိုခါမုန်တိုင်းသင့် ရခိုင်ဒေသပြည်သူများအတွက် အော်ပရေတာအသီးသီးထံသို့ SMS များ ပေးပို့လှူဒါန်းလျက်ရှိရာ ၂၀၂၃ ခုနှစ် ဇွန်လ ၁၃ ရက်နေ့ထိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသို့ ၅၇၅၄၅၀၀ ကျပ်၊ Telecom International Myanmar သို့ ၁၃၈၂၅၀၀ ကျပ်၊ Atom Myanmar သို့ ၈၂၁၅၀၀ ကျပ်၊ Ooredoo သို့ ၂၆၆၅၀၀ ကျပ် စုစုပေါင်း ၈၂၂၅၀၀၀ ကျပ် ထည့်ဝင်လှူဒါန်းကြပြီးဖြစ်သည်။ ထို့အပြင် ဆက်သွယ်ရေးအော်ပရေတာများကိုယ်တိုင်သည်ပင်လျှင် မိုခါမုန်တိုင်းဒဏ်သင့်ရခိုင်ဒေသ ပြည်သူများအတွက် အလှူငွေများ ပေးအပ်လှူဒါန်းခဲ့ရာ MPT က သိန်း ၁၀၀၀၊ ATOM က သိန်း ၁၀၀၀၊ Telecom International Myanmar (Mytel) က သိန်း ၁၀၀၀ နှင့်ညီမျှသည့် စားသောက်ဖွယ်ရာများ၊ Ooredoo က ကျပ်သိန်း ၂၀၀ ပါဝင်လှူဒါန်းခဲ့သည်။

**အဓိကအကျဆုံးသော သယ်ယူပို့ဆောင်ရေးအခန်းကဏ္ဍ**

ထိုကဏ္ဍကိုတင်ပြရလျှင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန တစ်ခုတည်းကိုသာ ဖော်ပြ၍မရတော့ပေ။ နိုင်ငံတော်ဝန်ကြီးချုပ်ထံ အချိန်နှင့်တစ်ပြေးညီတင်ပြနေရသော အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည်လည်းကောင်း၊ ရန်ကုန်မြို့မှ လေကြောင်း၊ ရေကြောင်း၊ ကုန်းကြောင်းဖြင့် ကယ်ဆယ်ကူညီထောက်ပံ့ရေးပစ္စည်းများကို နိစ္စဓူဝစီစဉ်ပို့ဆောင်ပေးနေရသော ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သည်လည်းကောင်း၊ ရောက်ရှိလာသော အဆိုပါပစ္စည်းများကို အမိုးအကာအောက်သို့ အချိန်မီရောက်ရှိရေး၊ သက်ဆိုင်ရာမုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဖြန့်ဝေပေးပို့နိုင်ရေး စီမံဆောင်ရွက်နေရသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့သည်လည်းကောင်း၊ တပ်မတော်(ရေ) နှင့် တပ်မတော်(လေ)တို့၏ အခန်းကဏ္ဍသည်လည်းကောင်း၊ ပစ္စည်းများကို ပင်ပန်းကြီးစွာ ထမ်းပိုးသယ်ချမတင်ပေးနေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပုဂ္ဂလိကပိုင်ရေယာဉ်ကြီးများ၏ အခန်းကဏ္ဍသည်လည်းကောင်း အရေးကြီးသောနေရာများမှ အသီးသီးအသကပါဝင်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၏ လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနများမှအစ မိုးလေဝသပညာရှင်များပါမကျန် သယ်ယူပို့ဆောင်ရေးလုပ်ငန်းတာဝန်များကို အောင်မြင်အောင် တက်ညီလက်ညီကြိုးပမ်းထမ်းဆောင်လျက်ရှိကြသည်။

စာမျက်နှာ ၈ သို့ ✡





တပ်မတော်လေယာဉ်ကြီးများဖြင့် ကယ်ဆယ်ကူညီထောက်ပံ့ရေးပစ္စည်းများ ပို့ဆောင်ပေးစဉ်။

✡ စာမျက်နှာ ၇ မှ

### ကယ်ဆယ်၊ ကူညီ၊ ထောက်ပံ့ပစ္စည်းများ ရောက်ရှိလာမှု

မုန်တိုင်းလွန်ကာလဖြစ်သော မေလ ၁၅ ရက်နေ့မှ ဇွန်လ ၁၂ ရက်နေ့အထိ တပ်မတော်(လေ)၏ Y-8 လေယာဉ်ဖြင့် ၃၆ ခေါက် သယ်ယူပေးခဲ့ပြီး ပစ္စည်းတန်ချိန် ၁၄၂ ဒသမ ၆၈၀ တန် ရောက်ရှိလာခဲ့သည်။ ATR လေယာဉ်ဖြင့် ၈၂ ခေါက်အထိ သယ်ယူပေးခဲ့ပြီး ပစ္စည်းတန်ချိန် ၂၄၇ ဒသမ ၆၆၃ တန် ရောက်ရှိပြီးဖြစ်သည်။ စုစုပေါင်း ၃၉၀ ဒသမ ၃၄၃ တန် သယ်ဆောင်ပေးခဲ့ကြသည်။ အဆိုပါရက်များအတွင်း ရေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးနိုင်မှု အခြေအနေမှာ တပ်မတော်ရေယာဉ် ၁၀ စင်းဖြင့် ကုန်တန်ချိန် ၄၀၃၃ ဒသမ ၆ တန်ကို သယ်ယူပေးခဲ့သည်။ ပုဂ္ဂလိကပိုင် ကုန်တင်ရေယာဉ် ကိုးစင်းဖြင့် ကုန်တန်ချိန် ၁၄၈၈၅ တန် သယ်ယူခဲ့ရာ စုစုပေါင်း ၁၈၉၁၈ ဒသမ ၆ တန်ကို သယ်ယူပေးခဲ့သည်။

### ကြီးမားသောရေယာဉ်ကြီးများ

အမှန်ပြောရလျှင် ပင်လယ်ကမ်းနားနှင့် သိပ်မနီးစပ်ခဲ့သော ကျွန်တော့်အနေဖြင့် စစ်ရေယာဉ် မုတ္တမနှင့် အရပ်ဘက်ရေယာဉ်ကြီးများ ဖြစ်ကြသည့် MV Aquarius၊ MV Fortune၊ MV Sunshine တို့ကဲ့သို့သော အလွန်ကြီးမားသည့် ရေယာဉ်ကြီးများနှင့် ရင်းနှီးကျွမ်းဝင်ခြင်းမရှိခဲ့ပေ။ နီးနီးစပ်စပ် မမြင်ဖူးခဲ့။ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၏ ဖိတ်ကြားခေါ်ယူမှုကြောင့် ကျွန်တော်တို့အားလုံး စစ်ရေယာဉ် မုတ္တမပေါ်သို့ တက်ရောက်လေ့လာခွင့် ရခဲ့သည်။ ဤရေယာဉ်ကြီးကို တစ်နှစ်အတွင်း တည်ဆောက်ရေချနိုင်အောင် စီစဉ်ဆောင်ရွက်နိုင်ခဲ့သည်ဟုဆို၏။ ကြီးမားထည်ဝါလှပါဘိ။ တိုက်တိုက်ဆိုင်ဆိုင် ၂၀၀၈ နာဂစ်မုန်တိုင်းဝင်ရောက်ခဲ့စဉ်က ဦးစီးဌာန၏တာဝန်ပေးချက်အရ ရန်ကုန်လေဆိပ်တွင် တာဝန်တစ်ခုထမ်းဆောင်ခဲ့ရဖူးသည်။ ထိုစဉ်ကာလ အတွေ့အကြုံကတစ်မျိုး။ အလွန်ကြီးမားသည့် ကုန်တင်လေယာဉ်ကြီးများကို မြင်ခဲ့ဖူးခြင်းပင်။ အိမ်တစ်လုံးနီးပါးရှိသော လေယာဉ်ကိုယ်ထည်ကို မဆိုထားနှင့်၊ လူတစ်ရပ်ခန့်မြင့်သည့် လေယာဉ်ဘီးကြီးများကြားတွင် ဝင်ရောက်သွားလာပြီး ပါလာသည့်ပစ္စည်းစာရင်း တောင်းယူ ကောက်ခံခဲ့ကြသည်ကို အမှတ်ရမိသည်။

### တည်ဆောက်ရေးပစ္စည်းများ ထိန်းသိမ်းဖြန့်ဖြူးရေး လုပ်ငန်းကော်မတီ

ပြည်နယ်လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ရဲမှူးကြီး သက်လွင် ဦးဆောင်သော အဆိုပါကော်မတီအနေဖြင့်လည်း ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များ အောင်မြင်အောင် ကြိုးစားဆောင်ရွက်နေသည်ကို တွေ့မြင်ခဲ့ရသည်။ တည်ဆောက်ရေး ပစ္စည်းများဟုဆိုခဲ့သည့်အတိုင်း သင်္ဘောကြီးများပေါ်၌ ပါလာသည့်ပစ္စည်းများ အမြန်ချနိုင်ရေး ဆိပ်ကမ်းအသီးသီးတွင် စနစ်တကျ ဆိုက်ကပ်၍ လုပ်ငန်းများတွင်ကျယ်စွာ ဆောင်ရွက်နိုင်ရေးတို့အတွက် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဦးဆောင်ညွှန်ကြားရေးမှူး ဦးနီအောင်၊ ရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးတို့နှင့် ညှိနှိုင်းဆောင်ရွက်ရသလို သင်္ဘောပေါ်တွင် ပါလာသော သစ်၊ သံ၊ သွပ်၊ ဘိလပ်မြေ အစရှိသည့် တည်ဆောက်ရေးသုံးပစ္စည်းများကို တပ်မတော် (ရေ) ကမ်းထိုးရေယာဉ်များ၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ကုလားတန် ၂၊ ၃၊ ၄၊ ၅၊ ၆ ရေယာဉ်များဖြင့် ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦး၊ ပုဏ္ဏားကျွန်း၊ ဘူးသီးတောင်၊ ပေါက်တော၊ မောင်တော၊ မြေပုံ၊ မင်းပြားမြို့နယ်တို့သို့ အချိန်မီ ပို့ဆောင်နိုင်ရေး စီမံဆောင်ရွက်ကြရသည်။ တည်ဆောက်ရေးပစ္စည်းများ အပြင် စားသောက်ကုန်များ၊ အထွေထွေ ပစ္စည်းများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ လယ်ထွန်စက်များလည်း ပါဝင်ပါသည်။

### အမှတ်တရ စစ်တွေ – ရေချမ်းပြင် RBE ရထားခရီးစဉ်


ပြန်တွေးကြည့်လျှင် ကျွန်တော် ရထားမစီးဖြစ်ခဲ့သည်မှာ ဆယ်စုနှစ် နှစ်ခုမကပင် ရှိနေပါပကောလား။ ပြီးခဲ့သည့် ဇွန်လ ၂ ရက်နေ့တွင်မူ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ဒုတိယဝန်ကြီးများ၊ DG၊ MD များလိုက်ပါ၍ RBE ရထားတွဲ နှစ်တွဲဖြင့် စစ်တွေ ပြည်တော်သာ ဘူတာမှ ရေချမ်းပြင်ဘူတာအထိ စီးနင်းလိုက်ပါခဲ့ကြသည်။ စိတ်ထဲတွင် ငယ်စဉ်က စီးခဲ့ဖူးသော သာရဝေါ – ရန်ကုန်ရထားကိုပင် လွမ်းရတော့မလိုလို၊ မိသားစုနှင့်စီးခဲ့သော ရန်ကုန် – မန္တလေး ခရီးကိုပင် သတိရသလိုလိုဖြစ်မိခဲ့သည်။ စစ်တွေ – ရေချမ်းပြင်ခရီးက မဝေးလှပါ။ ၁၁ မိုင်စွန်းစွန်းမျှသာ။ ပတ်ဝန်းကျင် ကျေးရွာသူကျေးရွာသားများ၏ သွားလာရေး၊ ရောင်းဝယ်ဖောက်ကားမှု အဆင်ပြေစေရေးနှင့် စစ်တွေနည်းပညာ တက္ကသိုလ်သို့ တက်ရောက်နေကြသော ကျောင်းသား ကျောင်းသူများ သွားလာရေးအဆင်ပြေအောင် ဤရထားလမ်းကို ဖောက်လုပ်ပေးခဲ့ခြင်း ဖြစ်တန်ရာသည်။

ခြုံငုံသုံးသပ်တင်ပြရလျှင် မိုခါ မုန်တိုင်းဒဏ်သင့် ရခိုင်ဒေသ ပြန်လည်ထူထောင်ရေးအတွက် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အကြီးအကဲများနှင့် ဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်မှုများက မှတ်တမ်းတစ်ခု အနေဖြင့် ဂုဏ်ယူဖွယ်ရာ တင်ကျန်ရစ်နေမည်မှာ သေချာလှပေသည်။ ။



စစ်တွေမြို့မှအထွက် ဒုတိယမြောက် ပြည်တော်သာဘူတာရုံ။



စစ်တွေဆိပ်ကမ်းသို့ ဆိုက်ကပ်လာသည့် ရေယာဉ်ကြီးများပေါ်မှ ကယ်ဆယ်ကူညီ ထောက်ပံ့ရေးပစ္စည်းများချနေစဉ်။

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲနှင့် ပြပွဲဆောင်ရွက်

ရန်ကုန် ဇွန် ၂၂

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြပွဲနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းကို ဇွန် ၂၁ ရက် မွန်းတည့် ၁၂ နာရီက ရန်ကုန်မြို့ အလုံမြို့နယ် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်း သတင်းစာဆရာအသင်း အလုပ်အမှုဆောင် ဦးမောင်မောင်(မောင်မောင်–လှျပ်စစ်)က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်တင်ချိုက မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ အလုံမြို့နယ် စာပေချစ်မြတ်နိုးသူများအသင်းအဖွဲ့ဝင် တရားလွှတ်တော်ရှေ့နေ ဦးထင်ဇော်လတ်က မူးယစ်ဆေးဝါးသုံးစွဲခြင်း၊ လက်ဝယ်တွေ့ရှိခြင်း၊ ရောင်းဝယ်ခြင်းဖြင့် အရေးယူခံရမည့် ပြစ်မှု၊ ပြစ်ဒဏ်များအကြောင်း စသည်တို့ကို အသိပညာပေးဟောပြောသည်။

ထို့နောက် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်ထိန်က ကျေးဇူးတင်စကား ပြောကြားသည်။ ယင်းနောက် တက်ရောက်လာသူများက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသသည့် မူးယစ်အသိပညာပေး နံရံကပ်စာစောင်များနှင့် လက်ကမ်းစာစောင်များကို လေ့လာကြည့်ရှုကြကြောင်း သိရသည်။

မောင်မောင်ကျော်



# ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



နေပြည်တော် ဇွန် ၂၂

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့၌ ကျင်းပသည့် (၁၈)ကြိမ်မြောက်တရုတ်-အာဆီယံယဉ်ကျေးမှုဖိုရမ်(18th China-ASEAN Culture Forum) သို့ တက်ရောက်ခဲ့သည့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် အဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲ ၃နာရီ ၁၀ မိနစ်တွင် လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတ နိုင်ငံမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် ခရီးစဉ်အတွင်း ဇွန် ၁၈ ရက် မွန်းလွဲ ၁ နာရီတွင် နန်နင်းမြို့ ချင်ရှုတောင်၊ ကွမ်ရင်မယ်တော်ကျောင်းတိုက်သို့ သွားရောက်၍ လက်ထောက်ကျောင်းတိုက် ဆရာတော်ထံ အလှူငွေများပေးအပ်လှူဒါန်းခဲ့ပြီး ညနေပိုင်းတွင် နန်နင်းမြို့ရှိမြန်မာနိုင်ငံကောင်စစ်ဝန်ချုပ်ရုံး၌ ကောင်စစ်ဝန်ချုပ်နှင့် ဝန်ထမ်းမိသားစုများနှင့် တွေ့ဆုံခဲ့သည်။

ထို့နောက် ညနေ ၆ နာရီတွင် 18th China-ASEAN Culture Forum ၏ အကြိုညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဇွန် ၁၉ ရက်က ကျင်းပပြုလုပ်သည့် 18th China-ASEAN Culture Forum ၌ "Building Smart Libraries and Promotion on Reading" ခေါင်းစဉ်ဖြင့် ပြုလုပ်သည့်အစီအစဉ်တွင် မြန်မာနိုင်ငံ စာကြည့်တိုက်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေနှင့် ဆောင်ရွက်ထားရှိမှုများနှင့်စပ်လျဉ်း၍ ပြောကြားခဲ့ပြီး အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် အမျိုးသားစာကြည့်တိုက် ညွှန်ကြားရေးမှူး ဒေါက်တာကေသီအေးက Special Dialogue အစီအစဉ်တွင် ဝင်ရောက်ဆွေးနွေးခဲ့သည်။

ညနေပိုင်းတွင် ကွမ်ရှီးအမျိုးသားစာကြည့်တိုက်၌ ဆောင်ရွက်သည့် Opening Ceremony of Revival and Reconstruction of the Yongle encyclopedia အခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ကွမ်ရှီးစာကြည့်တိုက်နှင့် ပြတိုက်များကို လှည့်လည်ကြည့်ရှုခဲ့သည်။

ပြည်ထောင်စုဝန်ကြီးနှင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၀ ရက်က မြန်နှုန်းမြင့်ရထားဖြင့် နန်နင်းမြို့မှ လျိုကျိုးမြို့သို့ထွက်ခွာခဲ့ပြီး နံနက်ပိုင်းတွင် No.Wang ခရုခေါက်ဆွဲထုတ်လုပ်မှု စက်ရုံ၊ လျိုကျိုးစာပေပညာရှင်၏ Liuzhou Shrine၊ လျိုကျိုးမြို့ရှိ စက်မှုလုပ်ငန်းပြတိုက်နှင့် Bauhinia Culture Creative Gallery exhibition hall များသို့ သွားရောက်လေ့လာခဲ့ပြီး ညနေပိုင်းတွင် လျိုကျိုးမြို့တော်ဝန်က တည်ခင်းဧည့်ခံသည့် ညစာစားပွဲသို့ တက်ရောက်၍ လျိုကျိုးမြို့၏ ညရှုခင်းကို မြစ်အတွင်းမှ သင်္ဘောဖြင့် လေ့လာကြည့်ရှုကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၁ ရက်က လျိုကျိုးမှ နန်နင်းသို့ မြန်နှုန်းမြင့်ရထားဖြင့် ပြန်လည်ထွက်ခွာခဲ့ပြီး ထိုမှတစ်ဆင့် ကူမင်းလေဆိပ်သို့ရောက်ရှိခဲ့ရာ တရုတ်နိုင်ငံရှိ ရွှေတိဂုံစေတီတော်ပုံတူအား ပြင်ဆင်ရန် ကူမင်းမြို့သို့ ခေတ္တကြွရောက်လာသော သီတဂူဆရာတော်ကြီးအား ကူမင်းလေဆိပ်ခန်းမဆောင်တွင် ကြိုဆိုဖူးမြော်ခဲ့သည်။

ယနေ့နံနက်ပိုင်းတွင် ခရီးဆက်လက်ထွက်ခွာမည့် သီတဂူဆရာတော်ကြီးကို ကူမင်းလေဆိပ်သို့ သွားရောက်ပို့ဆောင်ဖူးမြော်ခဲ့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်လျှောက်ထားခြင်းများကို စိစစ်ခွင့်ပြုပေးလျက်ရှိ

နေပြည်တော် ဇွန် ၂၂

နိုင်ငံရေးပါတီ တည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကို ဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့်အဖွဲ့ ၁၃ ဖွဲ့ရှိပြီး ယင်းသို့လျှောက်ထားသည့်အဖွဲ့များအနက် **အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ**သည် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ယနေ့တွင် နိုင်ငံရေးပါတီ တည်ထောင်ခွင့် လျှောက်ထားချက်ကို ခွင့်ပြုလိုက်ကြောင်း သိရှိရသည်။

ပါတီတည်ထောင်ခွင့်ရရှိသော **အမျိုးသားနိုင်ငံရေးအားမာန်သစ်ပါတီ**သည် ခွင့်ပြုချက်ရရှိသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ပေးပါရန် လျှောက်ထားရမည်ဖြစ်သည်။ ယနေ့အထိ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၈ ပါတီ ဖြစ်ကြောင်းနှင့် တည်ထောင်ခွင့်လျှောက်ထားသည့် ကျန်အဖွဲ့များကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## ဇီးကုန်းမြို့နယ်၌ တိရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ပျိုးခြင်း ရက်သတ္တပတ်လှုပ်ရှားမှု ဆောင်ရွက်

ဇီးကုန်း ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တိရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ပျိုးခြင်းရက်သတ္တပတ်လှုပ်ရှားမှု သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက အိုးဖိုစုကျေးရွာ တောင်သူဦးဇော်နိုင်၏စိုက်ကွက်တွင် သရုပ်ပြစိုက်ပျိုးသည်။

အဆိုပါ တိရစ္ဆာန်အစာပင် နေပီယာမြက်စိုက်ပျိုးခြင်း သရုပ်ပြပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးသက်အောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် စိတ်ပါဝင်စားသည့် ကျေးရွာသူကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီနှစ်ပတ်လည်အစည်းအဝေး (၂၀၂၃)ကျင်းပ



နေပြည်တော် ဇွန် ၂၂

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီ နှစ်ပတ်လည်အစည်းအဝေး (၂၀၂၃)ကို ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း (အငြိမ်းစား)နှင့် ဗဟိုဌာနချုပ်နှင့် နေပြည်တော်မှ ဗဟိုကောင်စီဝင်များ၊ ဗဟိုကောင်စီဝင် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ဗဟိုကောင်စီဝင်များက အွန်လိုင်းစနစ်ဖြင့် တက်ရောက်ကြသည်။

### အဖွင့်အမှာစကားပြောကြား

ရှေးဦးစွာ သဘာပတိ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း(အငြိမ်းစား)က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့ အစည်းအဝေးကို မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ ဥပဒေနှင့် ဥပဒေဆိုင်ရာလုပ်ထုံးလုပ်နည်းများအရ ပုံမှန်ကျင်းပခြင်းဖြစ်ကြောင်း၊ စစ်မှုထမ်းဟောင်းအဖွဲ့ အဆင့်ဆင့်၏ နှစ်ပတ်လည်အစည်းအဝေးများနှင့် ရွေးကောက်တင်မြှောက်ပွဲများကို အခက်အခဲများကြားမှ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် ဗဟိုကောင်စီဝင်များကို အထူးကျေးဇူးတင်ရှိကြောင်း၊ ဗဟိုကောင်စီဝင်များအနေဖြင့် တစ်နှစ်တာကာလအတွင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုများကိုပြန်လည်သုံးသပ်ပြီး ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများ ထိရောက်အောင် မြင်စွာဆောင်ရွက်နိုင်ရန် ဆွေးနွေးပေးကြရန်ဖြစ်ကြောင်း၊ စီးပွားရေး အခြေခံကောင်းအောင်ကြိုးစားဆောင်ရွက်ကြရန်နှင့် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများဆောင်ရွက်ကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ၂၀၂၂-၂၀၂၃ ခုနှစ်ကာလအတွက် ဗဟိုအမှုဆောင်အဖွဲ့ အစီရင်ခံစာအနှစ်ချုပ်ကို ဗဟိုအမှုဆောင်အဖွဲ့ အတွင်းရေးမှူးက ဖတ်ကြားတင်ပြပြီး လုပ်ငန်းအဖွဲ့များအလိုက် တင်ပြချက်၊ သုံးသပ်ချက်များကို လုပ်ငန်းအဖွဲ့အတွင်းရေးမှူးများက ရှင်းလင်းတင်ပြကြသည်။

### အထွေထွေဆွေးနွေးခြင်းများဆောင်ရွက်

ယင်းနောက် ဗဟိုအမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ရသုံးမှန်းခြေငွေစာရင်းကို ဖတ်ကြားခြင်း၊ အတည်ပြုခြင်းများဆောင်ရွက်ပြီး တိုင်းဒေသကြီး/ ပြည်နယ်များမှ ဗဟိုကောင်စီဝင်များနှင့် ဗဟိုကောင်စီဝင် တပ်မတော်အရာရှိကြီးများက ၎င်းတို့၏လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာများကို အွန်လိုင်းစနစ်ဖြင့် ဖတ်ကြားတင်ပြရာ ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ ဗဟိုအမှုဆောင်အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းဆွေးနွေးခြင်း၊ တက်ရောက်လာသူများက အထွေထွေဆွေးနွေးခြင်းများဆောင်ရွက်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး/ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့များတွင် လစ်လပ်တာဝန်နေရာများကို အစားထိုးခန့်အပ်ခြင်း၊ ဗဟိုအမှုဆောင်အဖွဲ့ အစီရင်ခံစာနှင့် ဘဏ္ဍာရေးအစီရင်ခံစာများကို အတည်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းများဆောင်ရွက်ခဲ့ကြပြီး သဘာပတိ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုကောင်စီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

သတင်းစဉ်

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# အာဆီယံလူမှုအသိုက်အဝန်း ပိုမိုဖွံ့ဖြိုးစေရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုနယ်ပယ်က ပံ့ပိုးထောက်ပံ့ပေးနိုင်မည့် သုတေသနလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေး



**နေပြည်တော် ဇွန် ၂၂**

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ ဘန်ဒါဆရီဘီဂါဝန်မြို့ရှိ The Empire Hotel & Country Club ၌ ယနေ့ကျင်းပသည့် (၁၂)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးဖွင့်ပွဲ အခမ်းအနားနှင့် Digital Future Conference ဖွင့်ပွဲသို့ တက်ရောက်သည်။

ဖွင့်ပွဲအခမ်းအနားတွင် ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ Authority for Info–communications Technology Industry(AITI) ၏ အမှုဆောင်ချုပ် Ir. Haji Jailani bin Haji Buntar က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားပြီး (၁၂)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ အလှည့်ကျဥက္ကဋ္ဌ ဘရူနိုင်းဒါရူဆလမ်နိုင်ငံ ပို့ဆောင်ရေးနှင့် သတင်းအချက်အလက်ဆက်သွယ်ရေးဝန်ကြီး H.E. Pengiran Dato Seri Setia Shamhary Mustapha က အဖွင့်အမှာစကား ပြောကြား၍ (၁၂)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေး၊ Digital Future Conference နှင့် ပြခန်းများကို ဖွင့်လှစ်ပေးသည်။

ထို့နောက် အာဆီယံအထွေထွေအတွင်းရေးမှူးချုပ်ရုံးမှ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် H. E. Satvinder Singh က The Role of Innovation in Overcoming Challenges and Securing Opportunities in ASEAN ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားသည်။

ယင်းနောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးများနှင့် ဧည့်သည်တော်များသည် ခင်းကျင်းပြသထားသည့် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ပြခန်းများနှင့် နည်းပညာဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် (၁၂)ကြိမ်မြောက် အာဆီယံ သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးအဆင့် အစည်းအဝေးသို့ တက်ရောက်ပြီး "ASEAN Strategy for Carbon Neutrality and Sustainable Growth enabled by Science, Technology and Innovation (STI)" ခေါင်းစဉ်အပေါ် မြန်မာနိုင်ငံ၏ မူဝါဒ၊ လက်ရှိဆောင်ရွက်နေမှုနှင့် အနာဂတ် အာဆီယံဒေသတွင်း နည်းပညာပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အချက်အလက်များကို အမြင်ချင်းဖလှယ် ဆွေးနွေးသည်။

အစည်းအဝေးတွင် (၈၃)ကြိမ်မြောက် အာဆီယံသိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုကော်မတီ၏ ဆွေးနွေးတင်ပြချက်များကို အတည်ပြုခြင်း၊ အာဆီယံလူမှုအသိုက်အဝန်း ပိုမိုဖွံ့ဖြိုးစေရေးအတွက် သိပ္ပံ၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှုနယ်ပယ်က ပံ့ပိုးထောက်ပံ့ပေးနိုင်မည့် သုတေသနလုပ်ငန်းများ ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မုံရွာမြို့ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းဝင်းအတွင်း၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**မုံရွာ ဇွန် ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ အားကစားနှင့် ကာယပညာသိပ္ပံကျောင်းဝင်းအတွင်း၌ မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က အားကစားနှင့် ကာယပညာသိပ္ပံ (မုံရွာ) ကျောင်းအုပ်ကြီးထံ တမာပျိုးပင်ကို ပေးအပ်သည်။ ထို့နောက် တိုင်းဒေသကြီး တရားသူကြီးချုပ်၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီးတို့က တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများထံ ပျိုးပင်များကို ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က တမာပျိုးပင်ကို စိုက်ပျိုးပေးပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပျိုးပင်များကို တပျော်တပါး စိုက်ပျိုးပေးကြကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စုပေါင်းသစ်ပင်စိုက်ပျိုးပေးနေမှုများကို လိုက်လံကြည့်ရှုအားပေးသည်။

**စိုက်ပျိုးပေး**

အားကစားနှင့် ကာယပညာသိပ္ပံကျောင်းဝင်းအတွင်း ကျင်းပသော သစ်ပင်စိုက်ပျိုးပွဲတော်တွင် စုစုပေါင်းပျိုးပင် ၁၀၀၀ ကို စိုက်ပျိုးပေးကြပြီး တိုင်းဒေသကြီး အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေး ဦးစီးဌာနအနေဖြင့် မိုးရာသီတွင် တမာပင် ၁၅၇၇၁၅၀၊ စက်မှုကုန်ကြမ်းသုံးဝါးပင် ၄၈၆၀၊ ကြီးမြန်သစ်မျိုးပင် ၃၇၈၀၊ ရတနာတန်းဝင်ကျွန်းပင် ၃၂၄၀ စုစုပေါင်း ၁၆၉၀၃၀ ကို ရွှေဘိုခရိုင်၊ မုံရွာခရိုင်၊ စစ်ကိုင်းခရိုင်တို့တွင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၂**

နယ်စပ်ရေးရာဝန်ကြီးဌာန၏ ၂၀၂၃ ခုနှစ် ပထမအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ ဝဏ္ဏသိဒ္ဓိအားကစားဝင်းအတွင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ခွန်သန့်ဇော်ထူးက အမှာစကားပြောကြားပြီး ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများက ရတနာတန်းဝင် ကျွန်းပင် ၁၀၀၊ ပျဉ်းကတိုးပင် ၂၀၀ နှင့် ကျွန်းပင် ၂၃၀ တို့ကို ပြန်လည်အစားထိုးခြင်းအဖြစ် စိုက်ပျိုးကြသည်။

ထို့အတူ ဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး တက္ကသိုလ်(စစ်ကိုင်း)၊ ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ် (ရန်ကုန်၊ စစ်ကိုင်း)၊ ဗဟိုလေ့ကျင့်ရေးသင်တန်းကျောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ဦးစီးမှူးရုံးများနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်းတို့တွင် သစ်ပင်စိုက်ပျိုးပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ နှစ်ရှည်သီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြကြောင်းနှင့် ဝန်ကြီးဌာနတစ်ခုလုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၁၀၈၆၅ ပင် စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# ရေကြည်မြို့နယ်၌ မိုးရာသီ တိရစ္ဆာန်အစာပင် စိုက်ပျိုးပွဲကျင်းပ

**ရေကြည် ဇွန် ၂၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ် မိုးရာသီ တိရစ္ဆာန်အစာပင် ရက်သတ္တပတ်စိုက်ပျိုးခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးဝင်းအတွင်း၌ ဆောင်ရွက်သည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မြို့နယ်ဦးစီးအရာရှိ ဒေါက်တာဖြိုးအိအိစံက မွေးမြူသူတောင်သူများအနေဖြင့် တိရစ္ဆာန်အစာပင် ကိုယ်တိုင်စိုက်ပျိုးမွေးမြူခြင်းဖြင့် အာဟာရတန်ဖိုးမြင့်မားသောအစာကို ကျွေးမွေးနိုင်ခြင်းကြောင့် ကြီးထွားနှုန်းမြင့်မားပြီး ထုတ်လုပ်မှုကောင်းစွာရရှိခြင်း၊ အစာကုန်ကျစရိတ်သက်သာခြင်း၊ အစာရေစာရှားပါးချိန်တွင် ဖူလုံလောက်ငမှုရှိခြင်းတို့ကြောင့် မိရိုးဖလာအစာကျွေးမွေးမှုပုံစံမှသည် အာဟာရတန်ဖိုးမြင့်မားသော အစာကျွေးမွေးနိုင်ကြစေရန်၊ မွေးမြူသူများအနေဖြင့် စိတ်ပါဝင်စားစွာ လိုက်ပါစိုက်ပျိုးနိုင်စေရန်နှင့် မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်၍ စိုက်ပျိုးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**မြို့နယ်(ပြန်/ဆက်)**



အကယ်ဒမီ အုန်းသီး၊ ဒိန်းဒေါင်နှင့် အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေမှုကို ကျောင်းသား ကျောင်းသူများ ကြည့်ရှုအားပေးကြစဉ်။



အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် နံရံကပ်စာစောင်ကို ကျောင်းသူများ ကြည့်ရှုလေ့လာကြစဉ်။

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးအစီအစဉ်များ နေပြည်တော်ရှိ အခြေခံပညာကျောင်းများ၌ ကျင်းပ

**နေပြည်တော် ဇွန် ၂၂**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် အသိပညာပေးဟောပြောပွဲပြုလုပ်ခြင်း၊ နံရံကပ်စာစောင်ပြသခြင်းနှင့် လက်ကမ်းစာစောင်ဖြန့်ဝေခြင်းများကို နေပြည်တော် လယ်ဝေးမြို့နယ် ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်၊ ဥတ္တရသီရိမြို့နယ်နှင့် ဇေယျာသီရိမြို့နယ်တို့ရှိ အခြေခံပညာကျောင်းများတွင် ဇွန် ၁၆ ရက်မှ စတင်၍ ကျင်းပလျက်ရှိကြောင်း သိရသည်။

အဆိုပါ အသိပညာပေးအစီအစဉ်များတွင် မူးယစ်ဆေးဝါးကြောင့်ဖြစ်ပေါ်သည့် ထိခိုက်ဆုံးရှုံးမှုများ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြစ်မှုဆိုင်ရာ ဥပဒေများ၊ မူးယစ်ဆေးဖြတ်ပြီးသူများအား ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်မှုများ စသည်တို့ကို သက်ဆိုင်ရာဌာနများက အသိပညာပေး ဟောပြောခဲ့ကြပြီး မူးယစ်ဆေးဝါးအန္တရာယ်နှင့် ကျန်းမာရေးဆိုင်ရာအသိပညာပေး နံရံကပ်စာစောင်များ ပြသခြင်း၊ မူးယစ်ဆေးဝါးအသိပညာပေးဆိုင်ရာ ကာတွန်းများပြသခြင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းတို့ ဆောင်ရွက်ခဲ့ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများ စိတ်ချမ်းမြေ့ပျော်ရွှင်စေရေးအတွက် ရုပ်ရှင်အနုပညာရှင်များ ဖြစ်ကြသည့် အကယ်ဒမီ အုန်းသီး၊ ဒိန်းဒေါင်နှင့် အနုပညာရှင်များက တေးသီချင်းများဖြင့် ဖျော်ဖြေခဲ့ကြသည်။

အဆိုပါ အသိပညာပေး အစီအစဉ်များကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့နှင့် ပြည်သူများအား ပညာပေးလှုံ့ဆော်ရေးအဖွဲ့က စီစဉ်ပြုလုပ်ခြင်းဖြစ်ပြီး တက်ရောက်လာကြသည့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပြသထားသည့် မူးယစ်ဆေးဝါးအန္တရာယ်အသိပညာပေး နံရံကပ်စာစောင်များအား စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြပြီး ဖျော်ဖြေရေးအစီအစဉ်များအား ပျော်ရွှင်စွာ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျိုက်ထိုမြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကျိုက်ထို ဇွန် ၂၂**

မွန်ပြည်နယ် ကျိုက်ထိုမြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် အဖြစ် အသိပညာပေးဟောပြောပွဲကို ဇွန် ၂၁ ရက် မွန်းလွဲ ၁ နာရီက



မူလွန်ကော့စံနိုင်ကျောင်း၌ ကျင်းပသည်။

အဆိုပါအသိပညာပေးဟောပြောပွဲတွင် မူလွန်ကော့စံနိုင်ကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာဦးက အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးကို လုံးဝရှောင်ကြဉ်ရန်၊ မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း သိကောင်းစရာများ၊ မူးယစ်ဆေးဝါးသုံးစွဲမိပါက ဖြစ်တတ်သောရောဂါလက္ခဏာများ၊ မူးယစ်ဆေးဝါး၏ဆိုးကျိုးများအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးနံရံကပ်စာစောင်များနှင့် စာအုပ်စာစောင်များကိုပြသရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ပန်းတနော်မြို့၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲ ကျင်းပ

**ပန်းတနော် ဇွန် ၂၂**

အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို အခြေခံပညာ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲကို ယနေ့ နံနက် ၁၀ နာရီက လူထုအခြေပြုဗဟိုဌာန (ပန်းတနော်) အဆောက်အအုံရှိ လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးကိုကိုမောင်က မူးယစ်ဆေးဝါးအန္တရာယ် အကြောင်းသိကောင်းစရာများ၊ မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ ကျောင်းသားလူငယ်များ သိရှိလိုက်နာသင့်သည့်အချက်များအား အသိပညာပေးဟောပြောခဲ့ပြီး အထက (၁)နှင့် အထက (၂)တို့မှ ကျောင်းသား ကျောင်းသူ ၃၁ ဦးတို့က အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ထို့နောက် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အကြို စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ ဆက်)**

# ရွှင်မြို့နယ်၌ တရားမဝင်သယ်ဆောင်လာသည့် ထိန်းချုပ်ဓာတုပစ္စည်း(ကဖင်း)တစ်တန်ကျော် သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၂၂**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှင်မြို့နယ်၌ တရားမဝင်သယ်ဆောင်လာသည့် ငွေကျပ်သိန်း ၄၂၀၀ ကျော် တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း (ကဖင်း) တစ်တန်ကျော် သိမ်းဆည်းရမိခဲ့သည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ဇွန် ၂၁ ရက် နံနက် ၇ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ရွှင်မြို့နယ် မြို့ကြီးရှာဖွေစစ်ဆေးရေး စခန်းတွင် ဟံမြင့်မိုရ်ဘက်မှ ရွှင်ဘက်သို့



အောင်ကိုကိုဦးနှင့် ဟေမာန်သိန်းတို့ကို သိမ်းဆည်းရမိသည့် ထိန်းချုပ်ဓာတုပစ္စည်း(ကဖင်း)များနှင့်အတူ တွေ့ရစဉ်။

အောင်ကိုကိုဦး မောင်းနှင်ပြီး ဟေမာန်သိန်း လိုက်ပါလာသည့် NISSAN ၁၂ ဘီးယာဉ်ကို သတင်းအရ ရှာဖွေရာ ငွေကျပ်သိန်း ၄၂၀၀ ကျော်တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း (ကဖင်း) တစ်တန်ကျော် သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ ထိန်းချုပ်ဓာတုပစ္စည်း(ကဖင်း)များကို မန္တလေးတိုင်းဒေသကြီးမှ ရှမ်းပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

**သတင်းစဉ်**

❂ ကျောဖုံးမှ

အာဆီယံတူညီဆန္ဒ (၅)ချက်တွင် အဓိက (၃)ချက်ဖြစ်သည့် ပြည်တွင်းလက်နက်ကိုင် တိုက်ခိုက်မှုများရပ်စဲရေး၊ သက်ဆိုင်သူအားလုံးပါဝင်သည့် ဆွေးနွေးပွဲများ စတင်နိုင်ရေးနှင့် လူသားချင်း စာနာထောက်ထားသည့် အကူအညီများ ပေးနိုင်ရေးတို့နှင့်ပတ်သက်၍ အဓိက ပြောကြားခဲ့ကြောင်း၊ ပြည်တွင်းလက်နက်ကိုင်တိုက်ခိုက်မှုများရပ်စဲရေးအတွက် ဆောင်ရွက်သင့်သည်များအားလုံးကို မိမိတို့ဆောင်ရွက်ထားပါကြောင်း၊ စစ်အေးခေတ်ကာလ အတွင်း မြန်မာနိုင်ငံသည် အခြားဒေသတွင်း နိုင်ငံများနည်းတူ ပြည်တွင်းသောင်းကျန်းမှုများ နိုင်ငံအနှံ့အပြား၌ ပေါ်ပေါက်ခဲ့ရာ ၁၉၇၄ ခုနှစ်တွင် အတွင်းပိုင်းဒေသ ၉၀ ရာခိုင်နှုန်းကျော်အား အေးချမ်းအောင်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ လက်နက်ကိုင်သောင်းကျန်းသူများ နယ်စပ်ဒေသ ရွှေ့ပြောင်းခြေကုပ်ယူရာတွင် အိမ်နီးချင်းနိုင်ငံများနှင့် မိတ်ဝတ်မပျက်စေရန်အတွက် ထိန်းသိမ်းဆောင်ရွက်ရသဖြင့် ချေမှုန်းခြင်းမပြုဘဲ ထိန်းချုပ်ထားခဲ့ရကြောင်း၊ စစ်အေးလွန်ကာလ ၁၉၉၀ ဝန်းကျင်တွင် နယ်စပ်ဒေသတိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အားလုံးနှင့် အပစ်အခတ်ရပ်စဲရေး gentlemen agreementရရှိခဲ့ရာ အခြေခံအားဖြင့် ရှိရင်းစွဲနယ်မြေတွင် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ပြီး ငြိမ်းချမ်းရေး ဆက်လက်ဆွေးနွေးရန်၊ နယ်မြေကျော် တိုက်ခိုက်ခြင်းမပြုရန်၊ အင်အားတိုးချဲ့စုဆောင်းခြင်း မပြုရန် သဘောတူခဲ့ကြပြီး၊ အစိုးရအဆက်ဆက် ငြိမ်းချမ်းရေးဆွေးနွေးမှုများပြုလုပ်နေသည်မှာ ယခုဆိုလျှင် (၃၃) နှစ်ရှိပြီဖြစ်ကြောင်း၊ ၁၉၉၀ ခုနှစ် အပစ်အခတ်ရပ်စဲစဉ် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့ကြီး (၁၇) ဖွဲ့နှင့် အဖွဲ့ငယ်(၁၇)ဖွဲ့ရှိသည့်နယ်စပ်ဒေသနိုင်ငံဧရိယာ၏ (၃) ရာခိုင်နှုန်းခန့်တွင် အထူးဒေသများအဖြစ် သတ်မှတ်ပေးခဲ့ကြောင်း၊ ၎င်းဒေသများဖွံ့ဖြိုးတိုးတက်မှုအတွက် ဝန်ကြီးဌာနတစ်ခု သီးသန့်ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ရာ အချို့အဖွဲ့များက လက်နက်နှင့်ငြိမ်းချမ်းရေးအပြီးလဲလှယ်သွားကြပြီး အင်အားတစ်သောင်းကျော်မှာ Border Guard Forces – BGF/ ပြည်သူ့စစ်များအဖြစ် အသွင်ပြောင်း၍ ၎င်းတို့ဒေသလုံခြုံတည်ငြိမ် ငြိမ်းချမ်းရေးကို နိုင်ငံတော်အစိုးရနှင့် လက်တွဲဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ယခုအခါ EAO (၁၈) ဖွဲ့ ကျန်ရှိပြီး၊ ၎င်းတို့အနက် (၁၀) ဖွဲ့မှာ ၂၀၁၅ ခုနှစ်တွင် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး စာချုပ် NCA လက်မှတ်ရေးထိုးခဲ့ကြကြောင်း၊ ကျန် (၈) ဖွဲ့မှာ NCA လက်မှတ်ရေးထိုးခြင်း မရှိသေးသော်လည်း ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင် ပါဝင်နိုင်ပါကြောင်း၊ လက်ရှိအစိုးရလက်ထက်တွင် တွေ့ဆုံဆွေးနွေးမှု (၁၀၆) ကြိမ် ပြုလုပ်ခဲ့ပြီး စုစုပေါင်း ငြိမ်းချမ်းရေး ဆွေးနွေးညှိနှိုင်းမှုအကြိမ် ၅၀၀၀ ကျော် ပြုလုပ်ခဲ့ပြီးဖြစ်ပါကြောင်း၊ နိုင်ငံတော်ကို ဖက်ဒရယ်ပြည်ထောင်စုအဖြစ် ထူထောင်ရန် ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးရန် အာဏာခွဲဝေရေး၊ သယံဇာတခွဲဝေအသုံးပြုရေး စသည့် အရေးကြီးကိစ္စရပ်များစွာကို ညှိနှိုင်းသဘောတူညီခဲ့ပြီးဖြစ်ကြောင်း၊ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ကို တပ်မတော်ဘက်မှ အတိအကျ လိုက်နာခဲ့ပြီး စတင်တိုက်ခိုက်ခြင်း လုံးဝမပြုခဲ့သလို သတ်မှတ်နယ်မြေကျော်လွန် တိုက်ခိုက်မှုလည်း မပြုပါကြောင်း ပြောကြားခဲ့ပါသည်။ EAO အချို့မှ သဘောတူညီချက် ဖောက်ဖျက်ပြီး အစိုးရထိန်းချုပ် နယ်မြေအတွင်း ဝင်ရောက် တိုက်ခိုက်ခြင်း၊ သယံဇာတထွက်ရှိရာ ဒေသများသို့ ဝင်ရောက်ခြေကုပ်စခန်း တည်ဆောက်ခြင်း၊ ပြည်သူလူထုကို အန္တရာယ်ပေးခြင်းကြောင့်သာ တန်ပြန်တိုက်ခိုက်ခဲ့ရပါကြောင်း၊ ထိုသို့ တိုက်ခိုက်ရာတွင်လည်း အင်အားအလွန်အကျွံမသုံးဘဲ ဗီယင်နာကွန်ဗန်းရှင်းပါ Rules of Engagement–ROE ထိတွေ့မှုဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရန် တပ်မတော်အရာရှိများအား လေ့ကျင့်သင်ကြားပေးထားပါကြောင်း ဖြည့်စွက်ပြောကြားခဲ့ပါသည်။ မြန်မာတို့သည် အသက်ကို အလွန်တန်ဖိုးထားပါကြောင်း၊ အစွန်းရောက်သူ အလွန်နည်းပါးပါကြောင်း၊ မြန်မာနိုင်ငံတွင် ၁၉၄၈ ခုနှစ်မှစ၍ (၇၅) နှစ်ကျော်လက်နက်ကိုင်တိုက်ခိုက်မှုများ ရှိခဲ့သော်လည်း ဒုတိယကမ္ဘာစစ်နောက်ပိုင်း လက်နက်ကိုင်ပဋိပက္ခကြောင့် အာဆီယံ (၁၀) နိုင်ငံ၏ သေဆုံးမှုနှင့် နှိုင်းယှဉ်လျှင်(၃)ရာခိုင်နှုန်းအောက်တွင်သာ ရှိပါကြောင်း၊ လွန်ခဲ့သည့် (၂) နှစ်ကျော်ကာလအတွင်း နိုင်ငံရေး မတည်ငြိမ်မှုအပေါ် အခွင့်ကောင်းယူ၍ EAO အချို့က ကိုဗစ်ကာလ စီးပွားရေး၊ လူမှုရေး အခက်အခဲကြောင့် စိတ်ထိခိုက်ခံစားလွယ်သော လူငယ်များအား PDF အဖြစ် သင်တန်းပေး လက်နက်တပ်ဆင်ပြီး နှစ်ပေါင်း ၅၀နီးပါး အေးချမ်းနေသော ပြည်တွင်းဒေသများတွင် လက်နက်ကိုင်တိုက်ခိုက်မှုများ ပေါ်ပေါက်အောင် ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ တိုက်ခိုက်ရာတွင်လည်း တပ်မတော်လက်နက်ကိုင်တပ်ဖွဲ့များနှင့် ရင်ဆိုင်တိုက်ခိုက်ခြင်း မဟုတ်ဘဲ soft target ဖြစ်သည့် လက်နက်မဲ့ပြည်သူများကို အနိုင်ကျင့် သတ်ဖြတ်နေခြင်းသာဖြစ်ကြောင်း၊ ဆန့်ကျင်ဘက်ပါတီဝင်များ၊ နိုင်ငံ့ဝန်ထမ်း၊ စစ်မှုထမ်းဟောင်းများကို ပစ်မှတ်ထား တိုက်ခိုက်နေခြင်းဖြစ်ကြောင်း၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းများသည် အာဆီယံတူညီဆန္ဒ (၅)ချက် ထုတ်ပြန်ပြီးမှ ပေါ်ပေါက်လာသည့် အဖွဲ့များဖြစ်ကြောင်း၊ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ပြည်ပရောက် NUG အဖွဲ့သည် ပြည်တွင်းရှိ PDFများကို လက်နက် ခဲယမ်းငွေကြေးထောက်ပံ့ပြီး၊ အကြမ်းဖက်လုပ်ငန်းများစေခိုင်းနေကြောင်း၊ ကျောင်းများ၊ ဆေးရုံများ၊ ရုံးများ ပိတ်ရန် မလိုက်နာပါက သတ်ဖြတ်အရေးယူရန် NUG ဝန်ကြီးဆိုသူများက ညွှန်ကြားပြီး PDF များက ဘုန်းတော်ကြီး ၆၉ ပါး၊ ကျောင်းသားကလေးငယ် ၁၈၇ ဦး၊ ဆရာဆရာမ ၇၇ ဦး၊ ကျန်းမာရေးဝန်ထမ်း ၁၇ ဦး၊ စစ်မှုထမ်းဟောင်းများ၊ ဆန့်ကျင်ဘက်ပါတီဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ အပါအဝင် နိုင်ငံ့ဝန်ထမ်း ၉၅၃ ဦး စသည့် လက်နက်မဲ့ပြည်သူများ၅၈၄၆ ဦးကျော်ကို ဥပဒေမဲ့ သတ်ဖြတ်နေခြင်းဖြစ်ကြောင်း၊ ပြည်သူလူထုကို အကာအကွယ်ပေးရန် အစိုးရတွင်တာဝန်ရှိ၍ ဥပဒေနှင့်အညီ ပြန်လည်တိုက်ခိုက်နေခြင်းသာ ဖြစ်ကြောင်း၊ မြန်မာ့တပ်မတော်သည် စနစ်တကျ ဖွဲ့စည်းထားပြီး အတွေ့အကြုံနှင့် စွမ်းရည်ပြည့်ဝသည့် တပ်မတော်ဖြစ်၍ သာမန်လက်နက်ကိုင်အဖွဲ့များကို လွယ်ကူစွာ ချေမှုန်းနိုင်စွမ်းရှိပါကြောင်း၊ အင်အားသုံးချေမှုန်းမှုက မိမိတို့ နိုင်ငံသားများသာ များစွာ သေကျေဒဏ်ရာရကြမည်ဖြစ်၍ ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်နေကြောင်း၊ ပြည်တွင်းရေးကိစ္စများကို အေးချမ်းစွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန် ငြိမ်းချမ်းရေးအတွက် အမြဲတံခါးဖွင့်ထားပါကြောင်း၊ လွတ်ငြိမ်းချမ်းသာခွင့်လည်း ကြေညာထားကြောင်း၊ မုဒိမ်းမှုနှင့် လူသတ်မှုမှအပ အခြားရာဇဝတ်မှု ကျူးလွန်ခြင်းများကိုပါ လွတ်ငြိမ်းခွင့်ပေးထားကြောင်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး နိုင်ငံရေးပါတီဖွဲ့စည်းခွင့်လည်းပြုထားကြောင်း၊ တိုက်ခိုက်မှုများ လျှော့ချရေးနှင့် အားလုံးပါဝင်ဆွေးနွေးခွင့်ရရှိရေးအတွက် လမ်းအားလုံး ဖွင့်ပေးထားပြီးဖြစ်ကြောင်း၊ မုဒိမ်းမှုနှင့် လူသတ်မှုကို ကင်းလွတ်ခွင့်မပေးခြင်းမှာ ကျူးလွန်ခံရသူ မိသားစုများ၏ဆန္ဒကို မျက်ကွယ်ပြုရန် မသင့်သောကြောင့်ဖြစ်ကြောင်း၊ EAOများသည် အဓိကအားဖြင့် နယ်စပ်ဒေသများတွင် မူးယစ်ဆေးဝါး၊ လက်နက်နှင့် လူမှောင်ခိုမှုကဲ့သို့ တရားမဝင်လုပ်ငန်းများမှ ရရှိသည့်အကျိုးအမြတ်များကို မစွန့်လွှတ်လိုကြ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို အပြည့်အဝမပါဝင်ကြကြောင်း၊ ရွေးကောက်ပွဲ (၃)ကြိမ်စလုံး မပါဝင်ခဲ့ကြကြောင်း၊ ဓာတုပစ္စည်းများကို အခြေခံ၍ မူးယစ်ဆေးထုတ်လုပ်ကြသည့်အတွက် မူယစ်ဆေးဝါး နှိမ်နင်းရန် ပိုမိုခက်ခဲလာကြောင်း၊ သို့ဖြစ်၍ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်နိုင်ရေးအတွက် နယ်စပ်ဖြတ်ကျော် တရားမဝင်စီးပွားရေးလုပ်ငန်းများ၊ မူးယစ်ဆေးဝါးနှင့် လက်နက်မှောင်ခိုလုပ်ငန်းများနှိမ်နင်းရေးကို အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်သွားလိုကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ပါသည်။

လူသားချင်းစာနာမှု အကူအညီများကိစ္စနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံအစိုးရသည် AHA Center ၏ မြန်မာပြည်တွင် ဆောင်ရွက်သည့် လုပ်ငန်းများကို အပြည့်အဝပံ့ပိုးပေးလျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးကိစ္စများကိုလည်း ပိုမိုမြန်ဆန်စွာ ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံအနေနှင့် တစိုက်မတ်မတ်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်မှ အဖွဲ့အစည်းအချို့၏ခြိမ်းခြောက်မှုများကြောင့် နှောင့်နှေးမှုအချို့ရှိသော်လည်း၊ မိမိတို့အနေနှင့် အားလုံး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက အစည်းအဝေးသို့ အသိပေးပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံအနေနှင့် မီဒီယာအချို့မှ တစ်ဖက်သတ်ပုံဖျက်နိုင်ရန် သတင်းမှန်များကို ပိတ်ထားသည့်ကိစ္စကိုလည်း ကိုင်တွယ်ဖြေရှင်းနေရသည်ဖြစ်ရာ မြေပြင်အခြေအနေမှန်ကို ပိုမိုသိရှိနိုင်ရန် မိတ်ဆွေနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်လိုကြောင်း၊ အာဆီယံတွင်လည်း မြန်မာနိုင်ငံအနေနှင့် အဆင့်တိုင်းတွင် ပုံမှန်ဆက်သွယ်ဆောင်ရွက်နိုင်မှသာ မြန်မာနိုင်ငံအရေးကိစ္စကို ကူညီပံ့ပိုးလိုသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများသည် မြေပြင်အခြေအနေ မှန်များကို မှန်ကန်စွာ သိရှိသုံးသပ်နိုင်ပြီး ပိုမိုထိရောက်စွာ ကူညီနိုင်မည်ဖြစ်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ပြည်ထောင်စုဝန်ကြီးမှ ပြည်တွင်းတွင် ဥပဒေနှင့်အညီ ဆောင်ရွက်လိုသည့် NLD ပါတီဝင် များစွာရှိပါကြောင်း၊ ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုမှာလည်း ၂၉ ရာခိုင်နှုန်းကျော် ဖြစ်၍ မည်သည့်ဒီမိုကရေစီနိုင်ငံမှ လက်ခံနိုင်သည့် အခြေအနေမဟုတ်ပါကြောင်း၊ စစ်ဆေးပြီးချိန်တွင် မီဒီယာများ၊ သံတမန်များကို ဖိတ်ခေါ် ရှင်းပြထားပြီးဖြစ်ပါကြောင်း၊ ဥပဒေကြောင်းအရ ရင်မဆိုင်ဘဲ ပြည်ပထွက်ပြေးပြီး NUG ဖွဲ့၍ တိုင်းပြည်ပျက်စီးရာပျက်စီးကြောင်း လုပ်နေခြင်းသာ ဖြစ်ကြောင်း၊ လွန်ခဲ့သည့် နှစ် (၃၀) ကလည်း အလားတူ NCGUB ယှဉ်ပြိုင်အစိုးရအဖွဲ့ရှိခဲ့ကြောင်း၊ ဒီမိုကရေစီရရေးအကြောင်းပြပြီး နိုင်ငံတကာအကူအညီများစွာ ရယူခဲ့သော်လည်း တကယ်တမ်း မြန်မာနိုင်ငံတွင် ဒီမိုကရေစီအစိုးရ(၂)ဆက်ကာလတွင် ၎င်းတို့ NLD အာဏာရစဉ်မှာပင် တစ်ယောက်မှ ပြန်မလာကြကြောင်း၊ ပြည်ပြေးအားလုံးလိုလို နိုင်ငံကြီးများတွင် ဒုက္ခသည် နိုင်ငံရေးခိုလှုံခွင့်အဆင့်မှ နိုင်ငံသားဖြစ်ရန် ကြိုးစားပြီး နိုင်ငံကြီးများတွင် ချမ်းသာစွာနေထိုင်နေကြပြီး နိုင်ငံနှင့်ပြည်သူကို ပြန်မကြည့်ကြကြောင်း၊ ယခုလည်း လွတ်ငြိမ်းချမ်းသာခွင့်ပေးထားပြီး နိုင်ငံရေးပါတီဖွဲ့ခွင့်ပြုထားဆဲဖြစ်၍ နိုင်ငံနှင့် ပြည်သူအကျိုး ကြည့်လျှင် ဥပဒေဘောင်အတွင်း ဝင်ရောက်ပြီး ငြိမ်းချမ်းစွာနိုင်ငံရေးလုပ်ငန်းစဉ်တွင် ပါဝင်နိုင်မည် ဖြစ်ကြောင်း၊ အပြစ်မဲ့ပြည်သူများကို သတ်ဖြတ်သည့် အကြမ်းဖက်လုပ်ရပ်များ စွန့်လွှတ်သင့်ကြောင်း၊ မိမိတို့အစိုးရသည် ရွေးကောက်ပွဲပြီးက အနိုင်ရပါတီအား အာဏာလွှဲပေးချိန်၌ တာဝန်ယူဆောင်ရွက်ခဲ့သည့် ကာလအတွင်း အခြေအနေအရပ်ရပ်ကို လွှတ်တော်သို့ တင်ပြရမည်ဖြစ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်နေပြီး မှတ်တမ်းများ စနစ်တကျထားရှိပါကြောင်း၊ မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တိုက်ခိုက်မှုအစား ဆွေးနွေးမှုနှင့် ဆောင်ရွက်နေသည်မှာ (၃၃) နှစ်ကျော် ရှိနေပြီဖြစ်ကြောင်း၊ ၎င်းကာလအတွင်း EAO အများစုသည် အမြတ်အစွန်း အလွန်ကြီးမားသည့် မူးယစ်ဆေးဝါးလုပ်ငန်းကို မစွန့်လွှတ်နိုင်၍ အချိန်ဆွဲနေခြင်းသာဖြစ်ပြီး အစိုးရအဆက်ဆက်အနေဖြင့် သိရှိပြီး အပစ်အခတ်ရပ်စဲမှုကို မပျက်လို၍ စိတ်ရှည်ရှည်ထား ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ယခုအခါ အိမ်နီးချင်းနိုင်ငံများနှင့်ပါ ပူးပေါင်း၍ ငြိမ်းချမ်းရေးဆွေးနွေးပွဲများ၊ မူးယစ်ဆေးဝါး၊ လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်နေ၍ တိုက်ခိုက်မှုများ အတန်အသင့် လျော့ကျလာသလို ဥပဒေဘောင်အတွင်း ဝင်ရောက်မှုများလည်း ရှိလာနေပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် သဘာဝသယံဇာတကြွယ်ဝပြီး အိမ်နီးချင်း (၅) နိုင်ငံတွင် လူဦးရေသန်း ၃၁၀၀ ကျော်ရှိ၍ ကမ္ဘာ့အကြီးဆုံး ဈေးကွက်အလယ်တွင် ရှိသဖြင့် ဖွံ့ဖြိုးတိုးတက်မှု အလားအလာကောင်းများ ရှိသော်လည်း ပြင်ပစွက်ဖက်မှုများ၊ စီးပွားရေး ပိတ်ဆို့မှုများ နှစ်ပေါင်းများစွာ အခက်အခဲကြုံတွေ့ရကြောင်း၊ မိမိတို့နိုင်ငံရေး ပထဝီဝင် အနေအထားအရ မည်သည့်အစိုးရတက်တက် ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကို လက်ခံကျင့်သုံးခဲ့ပြီး အခြားနိုင်ငံများ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်းမရှိသလို ကမ္ဘာ့မည်သည့်နိုင်ငံနှင့် မှလည်း တိုက်ရိုက်ပြဿနာတစ်စုံတစ်ရာမရှိခဲ့ကြောင်း၊ သတင်းမှားများ ဖန်တီးပြီး ဖျက်ဆီးရန် ကြိုးပမ်းမှုများကို အခြေအနေမှန် သိရှိသော မိမိတို့ မိတ်ဆွေနိုင်ငံများ၏အကြံဉာဏ်ကောင်းများဖြင့် ပူးပေါင်းဆောင်ရွက်သွားရန် အသင့်ရှိပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ပါသည်။

အစည်းအဝေးတက်ရောက်လာကြသည့် မြန်မာ့မိတ်ဆွေနိုင်ငံများမှ ကိုယ်စားလှယ်များသည် မြန်မာနိုင်ငံ၏ ပြည်တွင်းနိုင်ငံရေးကို မစွက်ဖက်လိုကြောင်း၊ မြန်မာ့မိတ်ဆွေနိုင်ငံများအနေနှင့် မြန်မာပြည် ငြိမ်းချမ်းတည်ငြိမ်ရေး၊ အားလုံးပါဝင်သည့် နိုင်ငံရေးဆွေးနွေးပွဲများမှတစ်ဆင့် ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရေးကို ကူညီပံ့ပိုးရန် အသင့်ရှိကြကြောင်း၊ အာဆီယံ အနုတ်ပုံစံ မဖြစ်စေလိုကြောင်း၊ မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မြှင့်တင်လာနိုင်ရန် မျှော်လင့်ကြောင်း စသည်ဖြင့် ဆွေးနွေးခဲ့ကြပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၂ ရက်**

# လင်းခေး၌ (ဇီဝဆိုင်ရာ)အချက်အလက်ကောက်ယူခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

လင်းခေး ဇွန် ၂၂

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးမြို့နယ် ဦးစီးဌာနမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ယနေ့နံနက် ၉ နာရီက လင်းခေးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့် ၎င်းမိသားစုဝင်များအား (ဇီဝဆိုင်ရာ)အချက်အလက်များ ကောက်ယူခြင်းကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာနေရာသို့ ခရိုင်လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လင်းခေးခရိုင်ဦးစီးမှူး ဒေါ်နန်းတင်မိုးဆွေ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေဝင်း၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးနေခြည်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုကြပြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လင်းခေးမြို့နယ်ဦးစီးမှူး ဦးစိုင်းကြည်ရွှင်က လုပ်ငန်းကွင်းဆင်းဆောင်ရွက်ပေးနေမှုများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# တရုတ်-ပြင်သစ်ပူးပေါင်းဆောင်ရွက်ရေးလမ်းညွှန်အကြံပြုချက်များ တရုတ်ဝန်ကြီးချုပ် ထုတ်ပြန်ပြောကြား

**ပါရီ ဇွန် ၂၂**

ကမ္ဘာတစ်ဝန်းရှိစက်မှုလုပ်ငန်းဆိုင်ရာ ထောက်ပံ့ရေးလမ်းကြောင်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နှင့်ပြင်သစ်နိုင်ငံတို့ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တရုတ်ဝန်ကြီးချုပ်လီချန်းက ပြင်သစ်နိုင်ငံသို့ရောက်ရှိစဉ်ပြောကြားသည်။

ထို့ပြင် နှစ်နိုင်ငံအကြား တီထွင်ဆန်းသစ်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးနှင့် စီးပွားရေး အသိုက်အဝန်းချဲ့ထွင်ရေးကဏ္ဍများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းကမှတ်ချက်ပြုသည်။

**အပြန်အလှန်မှီခိုဆောင်ရွက်**

တရုတ်-ပြင်သစ် ပူးပေါင်းဆောင်ရွက်ရေးအတွက် လမ်းညွှန်အကြံပြုချက်များအား ပြင်သစ်နိုင်ငံရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် ဝန်ကြီးချုပ်လီချန်းက အကြံပြုခဲ့သည်။

၎င်းအခမ်းအနားသို့ ပြင်သစ်နိုင်ငံစီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီး ဘရူနိုလီမာရီ အပါအဝင် စီးပွားရေးလုပ်ငန်းများမှ ကိုယ်စားလှယ် ၁၀၀ ကျော် တက်ရောက်ခဲ့ကြသည်။ ကမ္ဘာလုံးဆိုင်ရာစီးပွားရေးရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအပြန်အလှန်မှီခိုမှုသည်အရေးကြီးသည့်ကိစ္စရပ်ဖြစ်ပြီး တရုတ်နှင့် ပြင်သစ်တို့သည် ဖွံ့ဖြိုးတိုးတက်ရေးကဲ့သို့သော ဘုံအကျိုးစီးပွားအတွက် အပြန်အလှန်မှီခိုဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်လီချန်းက မှတ်ချက်ပြုသည်။

**ပူးပေါင်းဆောင်ရွက်**

တရုတ်နှင့်ပြင်သစ်တို့အကြား ဘက်ထရီ၊ တပိုင်းလျှပ်ကူးပစ္စည်းနှင့် နည်းပညာနယ်ပယ်များ၌ ပူးပေါင်းဆောင်ရွက်ရာတွင် အောင်မြင်မှုများ ရရှိခဲ့ကြောင်း၊ ပြင်သစ်နိုင်ငံတွင် စီးပွားရေးလုပ်ကိုင်မည့် တရုတ်ကုမ္ပဏီများအတွက် ကောင်းမွန်သည့် စီးပွားရေးအသိုက်အဝန်းကို ပြင်သစ်နိုင်ငံက တည်ထောင်ပေးမည်ဟု ယူဆကြောင်း ၎င်းက ပြောကြားသည်။

ပြင်သစ်နိုင်ငံမှ လုပ်ငန်းများသည် အစားအသောက်၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍနှင့် လေကြောင်းလုပ်ငန်းများတွင် တရုတ်နိုင်ငံမှလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဝန်ကြီးဘရူနိုက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**



# တရုတ်ကားကုမ္ပဏီဂီလီ က လျှပ်စစ်ကားအမျိုးအစားသစ်တစ်မျိုး အစ္စရေးနိုင်ငံ၌ စတင်ဖြန့်ဖြူးရောင်းချ


**ဂျေရုဆလင် ဇွန် ၂၂**

တရုတ်ကားကုမ္ပဏီ ဂီလီသည် လျှပ်စစ်ကားသစ်တစ်မျိုးဖြစ်သည့် ဂျော်မက်ထရီစီကို အစ္စရေးနိုင်ငံတွင် ယမန်နေ့က စတင်ဖြန့်ဖြူးခဲ့ကြောင်းသိရသည်။

၎င်းလျှပ်စစ်ကား၏ အပြင်ပိုင်းပုံသဏ္ဌာန်နှင့် ဘက်ထရီကို အဆင့်မြှင့်ထားသည်။။ လျှပ်စစ်ကားများသည် အစ္စရေးနိုင်ငံအတွက် ပြီးပြည့်စုံသည့် အဖြေတစ်ခုဖြစ်လာပြီး နိုင်ငံအတွင်းရှိ ကားခြောက်စီးတွင် တစ်စီးမှာ လျှပ်စစ်ကားဖြစ်ကြောင်းနှင့် နိုင်ငံအတွင်း လျှပ်စစ်ကားများ၏ အနာဂတ်မှာ တောက်ပလာသည်ကို တွေ့ရကြောင်း ဂီလီကားကုမ္ပဏီ၏ အစ္စရေးနိုင်ငံဆိုင်ရာအမှုဆောင်အရာရှိချုပ် ရိုနန်ယာက ပြောသည်။

ယခုအချိန်၌ မိမိတို့ကုမ္ပဏီမှကားများကို အစ္စရေးနိုင်ငံတွင် အများအပြား အသုံးပြုနေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

တရုတ်နိုင်ငံအရှေ့ပိုင်း ဟန်ကျိုးပြည်နယ်တွင် အခြေစိုက်သည့် ၎င်းကားကုမ္ပဏီသည် အစ္စရေးနိုင်ငံဈေးကွက်သို့ ၂၀၂၁ ခုနှစ်တွင် စတင်ဝင်ရောက်ခဲ့သည်။ **ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**





# ပြင်သစ်နိုင်ငံ၌ ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွား

**ပါရီ ဇွန် ၂၂**

ပြင်သစ်နိုင်ငံပါရီမြို့အလယ်ပိုင်းတွင် ယမန်နေ့က ဓာတ်ငွေ့ပေါက်ကွဲမှုဖြစ်ပွားရာ အနည်းဆုံး ၂၄ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ပါရီမြို့ရဲတပ်ဖွဲ့က ပြောကြားသည်။

၎င်းပေါက်ကွဲမှုသည် ပါရီမြို့ရှိလက်တင်ရပ်ကွက်တွင်ဖြစ်ပွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများက မှတ်ချက်ပြုသည်။

လက်ရှိအချိန်တွင် ၎င်းဖြစ်စဉ်ကြောင့် လူခြောက်ဦး အပြင်းအထန်ဒဏ်ရာရရှိပြီး အသေအပျောက်စာရင်းမှာ ထပ်မံမြင့်တက်နိုင်ကြောင်း ပါရီမြို့တော်မှတာဝန်ရှိသူဖြစ်သည့် Maylis De Roeck က ထပ်လောင်းပြောကြားသည်။

၎င်းပေါက်ကွဲမှုကြောင့် လက်တင်ရပ်ကွက်ရှိ Rue Saint Jacques လမ်း၌ ပျက်စီးမှုများဖြစ်ခဲ့သည်။ ထို့ပြင် ပြည်ပကျောင်းသားများ ပညာသင်ယူနေသည့် ပါရီ – အမေရိကန် ဒီဇိုင်းပညာသင်တန်းကျောင်း၏ မျက်နှာကြက်ပြိုကျမှုဖြစ်ပွားခဲ့သည်။ လက်ရှိအချိန်တွင် မီးသတ်သမား ၂၇၀ နှင့် မီးသတ်ယာဉ် ၇၀ ဖြင့် မီးငြိမ်းသတ်ရေးဆောင်ရွက်နေကြောင်း သိရသည်။

**ကိုးကား-စီဂျီတီအင်န်**
**ဘာသာပြန်-စိုးသူရ**

# အာဖရိကသမဂ္ဂအသွင်ကူးပြောင်းရေးမစ်ရှင်က ဆိုမာလီယာနိုင်ငံရှိ ၎င်းတို့၏တပ်ဖွဲ့ဝင်များအား ပြန်လည်ရုပ်သိမ်း

**မိုဂါဒစ်ရှူး ဇွန် ၂၂**

ဆိုမာလီယာနိုင်ငံရှိ အာဖရိကသမဂ္ဂ အသွင်ကူးပြောင်းရေးမစ်ရှင်သည် အရှေ့အာဖရိကနိုင်ငံဖြစ်သည့် ဆိုမာလီယာနိုင်ငံမှ ၎င်းတို့၏ တပ်ဖွဲ့ဝင် ၂၀၀၀ အား



ပြန်လည် ရုပ်သိမ်းခဲ့ပြီဖြစ်ကြောင်း အာဖရိကသမဂ္ဂအသွင်ကူးပြောင်းရေးမစ်ရှင်က ဇွန် ၂၁ ရက်တွင် ပြောကြားသည်။

ဆိုမာလီယာလုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဟာရှာဘယ်လီပြည်နယ်ရှိ ဟာဂျီ – အလီစစ်အခြေစိုက်စခန်းအား ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီးနောက် အာဖရိကသမဂ္ဂ အသွင်ကူးပြောင်းရေးမစ်ရှင်က ၎င်းတို့၏တပ်ဖွဲ့ဝင် ၂၀၀၀ ကို ပြန်လည်ရုပ်သိမ်းရန် စတင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အာဖရိကသမဂ္ဂ အသွင်ကူးပြောင်းရေးမစ်ရှင်သည် ၎င်းတို့၏ တပ်ဖွဲ့ဝင်များကို ဇွန် ၂၀ ရက်မှ စတင်ကာ ပြန်လည်ရုပ်သိမ်းခဲ့ပြီး ယခုနှစ် ဇွန် ၃၀ ရက်အတွင်း တပ်ဖွဲ့ဝင် ၂၀၀၀ ကို အပြီးရုပ်သိမ်းမည်ဖြစ်ကြောင်း သိရသည်။

အာဖရိက သမဂ္ဂအသွင်ကူးပြောင်းရေးမစ်ရှင်သည် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက် ၂၆၂၈ နှင့် ၂၆၇၀ တို့ကို လိုက်နာခြင်းဖြင့် လာမည့် စက်တင်ဘာလတွင် တပ်ဖွဲ့ဝင် ၃၀၀၀ ကို ထပ်မံရုပ်သိမ်းရန် မျှော်လင့်ထားကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-အလင်းသစ်**

# ဂျပန်နိုင်ငံနာရီတာလေဆိပ်၌ အစိမ်းရောင်စာချုပ်များ ရောင်းချမည်

**တိုကျို ဇွန် ၂၂**

ဂျပန်နိုင်ငံရှိ နာရီတာလေဆိပ်သည် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရန်ပုံငွေရရှိရန် အစိမ်းရောင်စာချုပ်များ ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းစာချုပ်များရောင်းချရေးလုပ်ငန်းဆောင်ရွက်ရန် အကဲဖြတ်မှုများပြုလုပ်ပြီးနောက် ဆောင်းဦးရာသီတွင် စတင်ရောင်းချမည်ဖြစ်ကြောင်း နာရီတာအပြည်ပြည်ဆိုင်ရာလေဆိပ် ကော်ပိုရေးရှင်းက ပြောသည်။

ယခုကဲ့သို့ နာရီတာလေဆိပ်၌ အစိမ်းရောင်စာချုပ်များ ရောင်းချရန် စီမံခြင်းသည် ပထမဆုံးအကြိမ်ဖြစ်ကြောင်း ပို့ဆောင်ရေးဝန်ကြီးဌာနမှ ပြောကြားချက်အရသိရသည်။ ၎င်းစာချုပ်များ ရောင်းချရငွေဖြင့် ကုန်လှောင်ရုံတစ်ရုံကို စွမ်းအင်သုံးစွဲမှုသုညအဆင့် လျှော့ချရေးအတွက် ရည်ရွယ်တည်ဆောက်သွားမည်ဖြစ်သည်။

အစိမ်းရောင်စာချုပ်များကို ကမ္ဘာကြီးပူနွေးလာမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရည်ရွယ်ရောင်းချသည်။ ဂျပန်နိုင်ငံရှိ စီးပွားရေး လုပ်ငန်းများနှင့် ဒေသန္တရတာဝန်ရှိသူများသည် အစိမ်းရောင်စာချုပ် ထုတ်လုပ်ရောင်းချခြင်းကို တိုးချဲ့ဆောင်ရွက်ကြကြောင်း သိရသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၂**

၂၀၂၃ ခုနှစ် ဇွန် ၁၂ ရက် ညနေပိုင်းတွင် လယ်ဝေးမြို့မရဲစခန်းအား အကြမ်းဖက်သမား နှစ်ဦးက လက်ပစ်ဗုံးဖြင့် ချောင်းမြောင်းပစ်ခတ်ခဲ့ပြီး ယင်းနေ့ညပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် MICC–II ဂိတ်(၂)ဝင်ပေါက်အား အကြမ်းဖက်သမား သုံးဦးတို့က လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ဖောက်ခွဲခဲ့သည့် ဖြစ်စဉ်များဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အချိန်နှင့်တစ်ပြေးညီ နေ့/ညမပြတ် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်မှုများ၊ တရားမျှတမှုကိုလိုလားပြီး အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ မျက်မြင်သတင်းပေးပို့ချက်များနှင့် ပူးပေါင်းပါဝင်မှုများကြောင့် ပြစ်မှုကျူးလွန်သူ နှစ်ဦးနှင့် ဆက်စပ်တရားခံ အမျိုးသားနှစ်ဦးတို့ကို ဖြစ်စဉ်ဖြစ်ပွားပြီး ၁၀ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်ဖောက်ခွဲမှုများ ကျူးလွန်ရာတွင် အဓိက ပါဝင်သူ **မြင့်ကျော်**သည် ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းအုပ်စု သီရိမင်္ဂလာကျေးရွာတွင် နေထိုင်ကြောင်း သိရှိရသဖြင့် ဇွန် ၁၈ ရက် နံနက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေခဲ့ရာ **မြင့်ကျော်** သည် လောက်ကိုင်မြို့သို့ ထွက်ပြေးတိမ်းရှောင်သွားခဲ့ပြီး ၎င်း၏နေအိမ်အတွင်းမှ လက်ပစ်ဗုံး တစ်လုံး၊ ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် Turbo 110 အမျိုးအစား ဆိုင်ကယ်နှင့် ဆိုင်ကယ်စီးဦးထုပ်တို့ကို သိမ်းဆည်းရမိခဲ့သည်။

သို့ဖြစ်၍ **မြင့်ကျော်** အား ဖမ်းဆီးရမိရေးအတွက် သက်ဆိုင်ရာနယ်မြေရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ချိတ်ဆက်ဆောင်ရွက်ခဲ့ရာ ဇွန် ၁၉ ရက် ညပိုင်းတွင် **မြင့်ကျော်** အား လောက်ကိုင်မြို့ အမှတ်(၂) ရပ်ကွက်၌ ဖမ်းဆီးရမိခဲ့ပြီး နေပြည်တော်သို့ ပြန်လည်ခေါ်ဆောင်၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့သည်။

**နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်ဖောက်ခွဲဖျက်ဆီးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် တရားခံများအား လက်နက်/ခဲယမ်းများနှင့်အတူ ဖမ်းဆီးရမိမှု အခြေပြဇယား**



သက်နိုင်
(လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သူ)



ရဲနိုင်
(လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သူ)



မြင့်ကျော်(ခ) အသေးလေး
(လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့သူ)



ရန်နိုင်ထွန်း
အငှားယာဉ်မောင်း



အိုင်ဖော့(ခ)ရန်နိုင်ဦး
အငှားယာဉ်မောင်း

အဆိုပါ အကြမ်းဖက်ဖောက်ခွဲမှုဖြစ်စဉ်များမှ တရားခံများအား စစ်ဆေးဖော်ထုတ်ချက်အရ ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် ရှားတောကျေးရွာနှင့် အလျှင်လိုကျေးရွာအကြား လမ်းဘေးသစ်ပင်အောက်၌ သိုဝှက်မြှုပ်နှံထားသော CZ–2075 RAMI ပစ္စတို တစ်လက်၊ ၎င်းကျည် ခုနစ်တောင့်တို့ကို လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ရွှေခဲအင်းအုပ်စု သီရိမင်္ဂလာကျေးရွာရှိ **မြင့်ကျော်**၏ နေအိမ်မီးဖိုချောင်အတွင်း၌ သိုဝှက်ထားသော Beretta ပစ္စတို တစ်လက်၊ ၎င်းကျည် ၁၅ တောင့်တို့ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ အမျိုးသား ငါးဦးတို့ကို ပစ္စတို နှစ်လက်၊ ၉ မမကျည် ၂၂ တောင့်၊ လက်ပစ်ဗုံး တစ်လုံး၊ ပြစ်မှုကျူးလွန်စဉ် အသုံးပြုခဲ့သည့် ဆိုင်ကယ် တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ **မြင့်ကျော်** သည် နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်တွင် စစ်တောင်းမြို့ပြပြောက်ကျားအမည်ခံအကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဖမ်းဆီးရန်ကျန်တရားခံ **ဇင်ယော်** ထံမှ ပစ္စတို နှစ်လက်၊ ၉ မမကျည် အတောင့် ၃၀ နှင့် လက်ပစ်ဗုံး ရှစ်လုံးတို့ကို ရန်ကုန်–မန္တလေး အမြန်လမ်း၌ နှစ်ကြိမ်ခွဲ၍ သွားရောက်ယူဆောင်ခဲ့ပြီး နေအိမ်၌ သိမ်းဆည်းထားခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ စစ်တောင်းမြို့ပြပြောက်ကျားအမည်ခံ အကြမ်းဖက်အဖွဲ့ခေါင်းဆောင် ဖမ်းဆီးရန်ကျန်တရားခံ **ဇင်ယော်**၏ ခိုင်းစေမှုဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း အကြမ်းဖက်ဖောက်ခွဲမှု ခုနစ်ကြိမ် ဆောင်ရွက်ခဲ့ကြောင်း–

■ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် **မြင့်ကျော်** နှင့် **သက်နိုင်**တို့ နှစ်ဦးသည် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ ဦးမြင့်မြိမ်း၏ နေအိမ်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

■ မတ် ၂ ရက်တွင် **မြင့်ကျော်၊ သက်နိုင်**နှင့် **ရဲနိုင်**တို့ သုံးဦးသည် ဇမ္ဗူသီရိမြို့နယ် ချိုင်းရွာလမ်းဆုံရှိ ရဲကင်းစခန်းအား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

■ ဧပြီ ၁၃ ရက်တွင် **သက်နိုင်**နှင့် **ရဲနိုင်**တို့ နှစ်ဦးက ဒက္ခိဏသီရိမြို့နယ်ရှိ လျှပ်စစ်ဓာတ်အားခွဲရုံအား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ရာတွင် **မြင့်ကျော်** က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

**စာမျက်နှာ ၁၅ သို့ »»**



လယ်ဝေးမြို့မရဲစခန်းနှင့် MICC–II ဂိတ်(၂)ဝင်ပေါက်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်သည့်ဖြစ်စဉ်မှ တရားခံ နှစ်ဦး၏ CCTV မှတ်တမ်းဓာတ်ပုံ။



လယ်ဝေးမြို့မရဲစခန်းနှင့် MICC–II ဂိတ်(၂)ဝင်/ထွက်ပေါက်အား လက်ပစ်ဗုံးဖြင့်ပစ်ခတ်ခဲ့သည့် ဖမ်းဆီးရမိတရားခံ မြင့်ကျော်(ခ)အသေးလေး၏ CCTV မှတ်တမ်းဓာတ်ပုံ။



ဇမ္ဗူသီရိမြို့နယ် ရှားတောရွာနှင့် အလျှင်လိုရွာအကြား လမ်းဘေးသစ်ပင်အောက်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။




တရားခံများ စီးနင်းသည့် ဆိုင်ကယ်မှတ်တမ်းဓာတ်ပုံ။



ဒက္ခိဏသီရိမြို့နယ် သီရိမင်္ဂလာကျေးရွာရှိ ဖမ်းဆီးရမိ တရားခံ မြင့်ကျော်(ခ)အသေးလေး၏ နေအိမ်မှ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။







ဒက္ခိဏသီရိမြို့နယ် သီရိမင်္ဂလာကျေးရွာ၌ တရားခံ မြင့်ကျော်(ခ)အသေးလေး၏ နေအိမ်မှ သိမ်းဆည်းရမိသည့် လက်ပစ်ဗုံးနှင့် မော်တော်ဆိုင်ကယ်၏ မှတ်တမ်းဓာတ်ပုံ။



လယ်ဝေးမြို့မရဲစခန်းနှင့် MICC–II ဂိတ်(၂)ဝင်/ထွက်ပေါက်အား လက်ပစ်ဗုံးဖြင့်ပစ်ခတ်သည့် ဖြစ်စဉ်မှ တရားခံဝတ်ဆင်ခဲ့သည့် သက်သေခံပစ္စည်းများ မှတ်တမ်းဓာတ်ပုံ။







ဇမ္ဗူသီရိမြို့နယ် ရွာတောရွာနှင့် အလျင်လိုရွာအကြား လမ်းဘေးသစ်ပင်အောက်၌ သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများ သွားရောက်ရှာဖွေခဲ့သည့် မှတ်တမ်းဓာတ်ပုံ။






၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်ရှိ ဦးမြငြိမ်း၏ နေအိမ်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၃ ခုနှစ် မတ် ၂ ရက်တွင် ဇမ္ဗူသီရိမြို့နယ် ချိုင်းရွာလမ်းဆုံရှိ ရဲကင်းစခန်းအား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





၂၀၂၃ ခုနှစ် ဇွန် ၁၂ ရက်တွင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဉာဏအောင်မြေလမ်း MICC–II ဂိတ်(၂) ဝင်ပေါက်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ခဲ့ရာမှ ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

»» စာမျက်နှာ ၁၄ မှ

■ ဧပြီ ၁၆ ရက်တွင် **သက်နိုင်**နှင့် **ရဲနိုင်**တို့ နှစ်ဦးက ဇမ္ဗူသီရိမြို့နယ် အဆင့်မြင့်ဈေးအနောက်ဘက်ရှိ ရဲကင်းစခန်းအား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ရာတွင် **မြင့်ကျော်**က အခြေအနေ ကြည့်ရှုပေးခဲ့ကြောင်း။

■ မေ ၃ ရက်တွင် **သက်နိုင်**နှင့် **ရဲနိုင်**တို့ နှစ်ဦးသည် ဥတ္တရသီရိမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် သီရိမဏ္ဍိုင်လမ်းထောင့်ရှိ ရဲကင်းစခန်းအား ပစ္စတိုဖြင့်ပစ်ခတ်၍ လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ကြောင်း။

■ ဇွန် ၁၂ ရက်တွင် **သက်နိုင်**နှင့် **ရဲနိုင်**တို့ နှစ်ဦးက လယ်ဝေးမြို့မရဲစခန်းရှေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်ပစ်ဗုံးဖြင့် ချောင်းမြောင်းပစ်ခတ်ရာတွင် **မြင့်ကျော်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

■ အလားတူ ဇွန် ၁၂ ရက်တွင် **မြင့်ကျော်**နှင့် **သက်နိုင်**တို့ နှစ်ဦးက ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက် ဉာဏအောင်မြေလမ်း MICC–II ဂိတ်(၂) ဝင်ပေါက်အား လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခဲ့ရာတွင် **ရဲနိုင်**က အခြေအနေကြည့်ရှုပေးခဲ့ကြောင်း။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ တိမ်းရှောင်နေသည့် နေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာ သတင်းပေးတိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများ အမြန်ဆုံးအေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



၂၀၂၃ ခုနှစ် ဇွန် ၁၂ ရက်တွင် လယ်ဝေးမြို့မရဲစခန်းရှေ့တွင် လက်ပစ်ဗုံးဖြင့် ပစ်ခတ်ဖောက်ခွဲခံရမှုကြောင့် ဦးကျော်ရဲလှူ(မစိုးရိမ်ရ) ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

# ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်

**နေပြည်တော် ဇွန် ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကိုလည်း လိုအပ်သည့် ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ သီးသန့်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သတင်းထုတ်ပြန်ဖိတ်ခေါ်လျက်ရှိသဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအတွင်း သင်တန်းများတက်ရောက်ခဲ့ပြီး ပြစ်မှုကျူးလွန်ခြင်းမရှိသည့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသော PDF အဖွဲ့ဝင်များအား ပြန်လည်လက်ခံ၍ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများ၊ လားရှိုးမြို့နှင့် နောင်ချိုမြို့တို့မှ ခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြန်လည်အလင်းဝင်လာသည့် PDF များနှင့် ၎င်းတို့၏ မိဘအုပ်ထိန်းသူများ တက်ရောက်ကြသည်။



ဦးစွာ တာဝန်ရှိသူများက နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေဆိုင်ရာပုဒ်မများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။ ထို့နောက် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့် ပြစ်မှုကျူးလွန်ခြင်းမရှိခဲ့သော ရှမ်းပြည်နယ် (မြောက်ပိုင်း)နောင်ချိုမြို့မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦးတို့အား တာဝန်ရှိသူများက ထောက်ပံ့ငွေများနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြပြီး ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများ ပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**❍ MNL ပြိုင်ပွဲမှ**

ရရှိသည့် ပယ်နယ်တီဂိုးဖြင့် နိုင်ပွဲပြန်ရခဲ့သည်။ ရောဝတီအသင်းသည် ရှုံးပွဲထပ်မံကြုံတွေ့ခဲ့သဖြင့် ဇယားအောက်ဆုံးမှ ရုန်းထွက်နိုင်ခြင်းမရှိသေးပေ။

**အနိုင်ဂိုးသွင်းယူ**

ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းခွင့်များ ရရှိသော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းတွင် ဂိုးမရှိသရေကျနေသည်။ ဒုတိယပိုင်းတွင် ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်ခဲ့ပြီး ၆၆ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် လူစားဝင်ကစားသမား ဇင်မင်းထွန်းက အနိုင်ဂိုးသွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် ဟံသာဝတီအသင်းက ကိုးပွဲကစား ၁၆ မှတ်၊ ရောဝတီအသင်းက ကိုးပွဲကစား လေးမှတ် ရရှိထားသည်။

YUSC ကွင်း၌ကျင်းပသည့်ပွဲတွင် ရခိုင်ယူနိုက်တက်အသင်းနှင့် ကချင်ယူနိုက်တက်အသင်း ဂိုးမရှိသရေကျခဲ့သည်။ ယခုပွဲအပြီးတွင် ရခိုင်ယူနိုက်တက်နှင့် ကချင်ယူနိုက်တက်အသင်းသည် ကိုးပွဲကစား ကိုးမှတ်စီ ရရှိထားသည်။

ပွဲစဉ်(၉)တတိယနေ့အဖြစ် ဇွန် ၂၃ ရက်တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် မြဝတီအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်**

**ဓာတ်ပုံ – MNL**

**အားကစားမြှင့်တင် စိတ်လန်းရွှင်**

**ဆန့်ကျင် မူးယစ်ဆေး**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၂၂

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံ အဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၅)ရပ်ကွက်နေ အိဖြူအောင်သည် ၎င်းအသုံးပြုသည့် "Ei Phyu Aung" Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်နေ ဆန်းမိုးနှင့် နိုင်းနိုင်းတို့သည် ၎င်းတို့အသုံးပြုသည့် "San Moe" Facebook အကောင့်နှင့် "Nine Nine" Facebook အကောင့်၊ မွန်ပြည်နယ် သထုံမြို့နယ် ဒူးရင်းဆိပ်ကျေးရွာနေ ဝေလွင်(ခ)ဗိုလ်တာယာသည် ၎င်းအသုံးပြုသည့် "Wai Lwin" Facebook အကောင့်၊ ပေါင်မြို့နယ် ကဒုံစီးရပ်ကွက်နေ စောရန်အောင်(ခ)အောင်လေးသည် ၎င်းအသုံးပြုသည့် "Aung Lay" Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် သံတံတားရပ်ကွက်နေ သစ်သစ်ဇင်သည် ၎င်းအသုံးပြုသည့် "Thit Thit Zin"Facebook အကောင့်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် အမှတ်(၃၇)ရပ်ကွက်နေ ဝါဝါဦးသည် ၎င်းအသုံးပြုသည့် "War War Oo" Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ် ပတ္တမြားရပ်ကွက်နေ ဇော်မျိုးထွန်း(ခ)ဇော်မျိုးသည် ၎င်းအသုံးပြုသည့် "Zaw Myo" Facebook အကောင့်၊ လပွတ္တာမြို့နယ်နေသူများဖြစ်ကြသည့် စိုးနိုင်၊ ယုမွန်ဖြိုးနှင့် မော်မော် (ခ) ခင်ခင်မော်တို့သည် ၎င်းတို့အသုံးပြုသည့် "Soe Naing" Facebook အကောင့်၊ "Yu Mon Phyo" Facebook အကောင့်နှင့် "Khin Khin Maw" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကန့်ဘလူမြို့နယ် ပေါက်ကုန်းကျေးရွာရှိ နေအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့ဝင်ရောက်မီးရှို့ဖျက်ဆီး

နေပြည်တော် ဇွန် ၂၂

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် ပေါက်ကုန်းကျေးရွာရှိ နေအိမ်များအား PDF အမည်ခံ အကြမ်းဖက်သမားများက ဇွန် ၁၉ ရက်တွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကန့်ဘလူမြို့နယ် ပေါက်ကုန်းကျေးရွာအတွင်းသို့ ဇွန် ၁၉ ရက် ည ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားအင်အား ၅၀ ခန့်က ကျေးရွာ၏ အရှေ့တောင်ဘက်မှ ရွာအတွင်းသို့ ဆိုင်ကယ်များဖြင့် ဝင်ရောက်လာပြီး ကျေးရွာအတွင်းရှိ နေအိမ်များအား အကြောင်းမဲ့ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊ အဆိုပါ PDF အမည်ခံ အကြမ်းဖက်သမားများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ကျေးရွာအတွင်းရှိ လူနေအိမ်ခုနစ်လုံး မီးလောင်ပျက်စီးခဲ့ကြောင်း သိရသည်။

ထိုသို့ အပြစ်မဲ့အရပ်သားပြည်သူများ၏ နေအိမ်များအား အကြောင်းမဲ့ ဝင်ရောက်မီးရှို့ဖျက်ဆီးခဲ့သည့် အကြမ်းဖက်သမားများအား ဖမ်းဆီးအရေးယူနိုင်ရေးနှင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းစဉ်များအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




ကန့်ဘလူမြို့နယ် ပေါက်ကုန်းကျေးရွာရှိ လူနေအိမ်များအား PDF အမည်ခံ အကြမ်းဖက်အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သည့် နေရာပြပုံ။

# ပုသိမ်မြို့နယ်၌ တိရစ္ဆာန်အစာပင်စိုက်ပျိုး

ပုသိမ် ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ၂၀၂၃ ခုနှစ် မိုးရာသီတိရစ္ဆာန်အစာပင်စိုက်ပျိုးခြင်းကို ယနေ့နံနက်ပိုင်းက ဆင်ဂေါင်းကျေးရွာတွင် ပြုလုပ်သည်။

တိရစ္ဆာန်အစာပင် စိုက်ပျိုးခြင်းရက်သတ္တပတ်အစီအစဉ်အဖြစ် ပုသိမ်မြို့ ဆင်ဂေါင်းကျေးရွာရှိ မွေးမြူရေးလုပ်ကိုင်သူ တောင်သူ ဦးကျော်သူ၏ ဥယျာဉ်ခြံမြေ ၁ ဒသမ ၅ ဧကပေါ်၌ တိရစ္ဆာန်အစာပင်များ စိုက်ပျိုးခဲ့ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပုသိမ်ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၃-၆-၂၀၂၃

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၀၅ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၅ | ၂၀၆၀ | ၂၀၃၅ | ၂၁၃၅ | ၂၁၅၀ | ၂၀၄၅ | ၂၀၅၀ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၀ | ၂၃၂၀ | ၂၇၀၀ |
| 95 Ron | ၂၁၀၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၀၅ | ၂၁၄၅ | ၂၁၇၀ | ၂၁၅၅ | ၂၁၃၀ | ၂၂၃၀ | ၂၂၄၅ | ၂၁၄၀ | ၂၁၅၅ | ၂၁၈၅ | ၂၁၈၅ | ၂၁၈၅ | ၂၄၁၅ | ၂၈၀၀ |
| HSD (500 ppm) | ၂၀၀၀ | ၂၀၅၀ | ၂၀၄၅ | ၂၀၁၀ | ၂၀၅၀ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၁၅၅ | ၂၁၅၀ | ၂၀၄၀ | ၂၀၅၀ | ၂၀၈၅ | ၂၀၈၅ | ၂၀၉၀ | ၂၃၂၀ | ၂၈၀၀ |
| HSD (50 ppm) | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၀ | ၂၁၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၂၀ | ၂၁၃၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၇၀ | ၂၄၀၀ | ၂၈၆၀ |
| HSD (10 ppm) | ၂၀၈၀ | ၂၁၃၀ | ၂၁၂၅ | ၂၀၉၀ | ၂၁၃၀ | ၂၁၅၀ | ၂၁၄၅ | ၂၁၁၅ | ၂၂၃၅ | ၂၂၃၀ | ၂၁၂၀ | ၂၁၃၀ | ၂၁၆၅ | ၂၁၆၅ | ၂၁၇၀ | ၂၄၀၀ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၀၁ | ၁၉၇၂ |
| 95 Ron | ၁၉၉၃ | ၂၀၆၆ |
| HSD (500 ppm) | ၁၉၀၂ | ၁၉၆၉ |
| HSD (50 ppm) | ၁၉၇၆ | ၂၀၄၅ |
| HSD (10 ppm) | ၁၉၇၆ | ၂၀၄၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဓာတ်ခွဲနမူနာစုစုပေါင်း ၆၅၄၄ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၂ ဦး တွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၂၂-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ/မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၁-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၂-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၆,၅၄၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၃၂) ဦး တွေ့ရှိရသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၄၉) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀၈၀၈၃၉၇) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀၂၃၄) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၃၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၉၀၅၄) ဦး ရှိပြီဖြစ်သည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www. moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ





**နေပြည်တော် ဇွန် ၂၂**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများ အဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေး ထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ ကျောက်ဖြူဘိုးဘွားရိပ်သာရှိ အဘိုး အဘွားများအား ထောက်ပံ့ငွေများပေးအပ်ပြီး သဘာဝဘေးအန္တရာယ်ကူညီကယ်ဆယ်ရေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် တာဝန်ရှိသူများနှင့်အတူ မြို့သစ်ရပ်ကွက်နှင့် သပြေကုန်းရပ်ကွက်ကြားရှိ မြို့လယ်ချောင်းတွင် ပိတ်ဆို့နေသော အမှိုက်များ၊ ဗေဒါပင်များ၊ ချုံနွယ်ပေါင်းပင်များရှင်းလင်းခြင်းနှင့် ရေစီး၊ ရေလာကောင်းမွန်စေရေးအတွက် မြန်မာနိုင်ငံရဲ တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူလူထုတို့နှင့်အတူပူးပေါင်း၍ အမှိုက်များ ရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ရေမြောင်းများ တူးဖော်ခြင်းဆောင်ရွက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးသည်။

ထို့နောက် လက်ဝဲဒက်ပြင်ချေကျေးရွာအုပ်စုရှိ ပုဂ္ဂလိကငါးမွေးမြူရေးကန်၌ ငါးများစနစ်တကျ မွေးမြူထားရှိမှုနှင့် ငါးများဖြစ်ထွန်းနေမှုတို့ကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ ထို့ပြင် နန်းရာကုန်း ကျေးရွာအုပ်စု၌ တည်ဆောက်ထားသော Cyclone Shelter အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး အခြေခံပညာမူလတန်း(လွန်) နန်းရာကုန်းစာသင်ကျောင်း၌ မိုခါမုန်တိုင်းကြောင့် လေဘေးသင့်ဒေသခံပြည်သူများနှင့် ဆရာ ဆရာမများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ကျောင်းသား ကျောင်းသူများ၏ စာသင်ကြားနေမှုများကို လှည့်လည်ကြည့်ရှုအားပေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့အတူ ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ ရောက်ရှိနေသော ဗိုလ်ချုပ်သောင်းထိုက်ရွှေသည် ဇွန် ၂၁ ရက်နှင့် ယနေ့တို့တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ တိမ်ညိုကျေးရွာနှင့် နဒင်ကျေးရွာတို့ရှိ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာများသို့ သွားရောက်၍ စားသောက်ဖွယ်ရာများနှင့် အလှူငွေများလှူဒါန်းသည်။

ထို့အတူ ရခိုင်ပြည်နယ် ရမ်းဗြဲမြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဇော်မင်းအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရမ္မာဝတီခန်းမ၌ မုန်တိုင်းသင့် ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် စားသောက်ကုန်ပစ္စည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၂၂**



သဘာဝ ဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်မြေခံ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့် ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင်အင်တိုက်အားတိုက် ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ပုဏ္ဏားကျွန်းမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ အမှိုက်များ ရှင်းလင်းခြင်းနှင့် လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် လက်ဝဲဒက်ပြင်ချေကျေးရွာ၌ မြက်ပင်၊ ပေါင်းပင်များ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေး အဖွဲ့များသည် နယ်လှည့်ဆေးကုသရေးအဖွဲ့များနှင့်ပူးပေါင်း၍ တိုးချဲ့ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ခြင်း လုပ်ငန်းများ ကူညီဆောင်ရွက်ပေးပြီး ပြည်နယ်အစိုးရက စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များ လှူဒါန်းပေးခဲ့သည်။

ထို့အတူ မောင်တောမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ ဝေသာလီရပ်ကွက်ရှိ မင်းထန်နိကာယ ဝေသာလီကျောင်းတိုက်၌ သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ အလားတန်ကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးညိုမြို့နယ်၌ အခြေခံစားသောက်ကုန်များ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေး

**မိုးညို ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် မိုးညိုမြို့နယ် စည်ပင်သာယာဈေးအနီးတွင် ယနေ့နံနက်ပိုင်းက အခြေခံစားသောက်ကုန်များဖြစ်သည့် ဟင်းသီးဟင်းရွက်၊ ကြက်ဥ၊ အသား၊ ငါးတို့ကို သက်သာသောနှုန်းထားဖြင့် ရောင်းချပေးသည်။

ထိုသို့ ရောင်းချပေးရာတွင် ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၂၅၀၊ ငါးမြစ်ချင်းတစ်ပိဿာလျှင် ငွေကျပ် ဖ၀၀၀၊ ဘဲဥတစ်လုံးလျှင် ငွေကျပ် ၃၀၀၊ ဆင်းသုခဆန်တစ်ပြည်လျှင် ငွေကျပ် ၂၅၀၀ တို့ဖြင့် ရောင်းချပေးခဲ့သည်။ အဆိုပါ ဈေးရောင်းချပေးခြင်းကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းသိဒ္ဓိနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက ကြည့်ရှုအားပေးခဲ့ကြပြီး မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများက လာရောက်ဝယ်ယူခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ရွှေကျင်မြို့နယ်၌ စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာ ရောင်းချ

**ရွှေကျင် ဇွန် ၂၂**

ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ရွှေကျင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့က ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် ဝယ်ယူစားသုံးနိုင်ရန်အတွက် သား/ငါးနှင့်စားသောက်ကုန်ပစ္စည်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ယနေ့နံနက် ၉ နာရီက ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ ရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှမင်းသူ၏ ဦးဆောင်မှုဖြင့် ရွှေကျင်မြို့နယ်အတွင်းရှိ ကိုယ်တိုင်စိုက်ပျိုး/မွေးမြူထုတ်လုပ်သူများက ငါးမြစ်ချင်း တစ်ပိဿာ ငွေကျပ် ဖ၀၀၀၊ ငါးမုတ်တစ်ပိဿာ ငွေကျပ် ၄၀၀၀၊ ဝက်သားတစ်ပိဿာ ငွေကျပ် ၁၄၀၀၀၊ ကြက်ဥတစ်လုံး ငွေကျပ် ၂၃၀၊ ဘဲဥတစ်လုံး ငွေကျပ် ၃၀၀ နှင့် ဒေသထွက်သီးနှံများကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး ဖွင့်ပွဲကျင်းပ



ဟိုပုံး ဇွန် ၂၂

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးသည် ပြည်နယ်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ဇွန် ၂၁ ရက် နံနက် ၉ နာရီက ဟိုပုံးမြို့ ဆွမ်းဆီကျောင်းလမ်း အနောက်ရပ်ကွက်ရှိ ဟိုပုံးမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံး ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့သည်။

### ဖဲကြိုးဖြတ်ဖွင့်လှစ်

ဟိုပုံးမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ရဲထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ရုံးဖွင့်ပွဲအထိမ်းအမှတ်အလံကို ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးစိုင်းလိတ်က ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး အား ပေးအပ်ခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဟိုပုံးမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနရုံးမှ လုပ်ငန်းဆောင်ရွက်မှု နံရံကပ်ပိုစတာပြခန်းနှင့် ရုံးခန်းများအား လှည့်လည်ကြည့်ရှုကြကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

---

## ကုန်သွယ်/စီးပွား

### ကျောက်ဆည်ခရိုင်တွင် နှမ်း(နွေ)များ ရိတ်သိမ်း

ကျောက်ဆည် ဇွန် ၂၂

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် နှမ်း(နွေ) စိုက်ဧက ၄၂၇၇၀ စိုက်ပျိုးခဲ့ကြောင်း၊ မိုးခါမှန်တိုင်းဒဏ်ကြောင့် ခရိုင်အတွင်း နှမ်း (နွေ) စိုက်ဧက အနည်းငယ်ပျက်စီးခဲ့ပြီး ကျန်စိုက်ဧကများမှာ အောင်မြင်စွာဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ယခုအချိန်တွင် နှမ်း(နွေ)များ ရိတ်သိမ်းလျက်ရှိရာ နှမ်း(နွေ)တစ်ဧက ကုန်ကျစရိတ်အနေဖြင့် သွင်းအားစု၊ လုပ်အားခအပါအဝင် စုစုပေါင်း ငွေကျပ် ၂၆၀၀၀၀ ခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးသောမျိုးများမှာ နှမ်းဖြူ၊ နှမ်းညိုနှင့် နှမ်းနက်မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ နှမ်းဈေးနှုန်းများအနေဖြင့် ယခင်နှစ်တွင် နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၅၉၀၀၀၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ငွေကျပ် ၅၄၀၀၀၊ နှမ်းနက်(စမုံ)တစ်တင်းလျှင် ငွေကျပ် ၅၂၀၀၀၊ နှမ်းညိုတစ်တင်းလျှင် ငွေကျပ် ၅၄၀၀၀ ဈေးနှုန်းများရှိပြီး ယခုလက်ရှိတွင် နှမ်းဖြူ တစ်တင်းလျှင် ငွေကျပ် ၁၂၃၀၀၀၊ နှမ်းနက်ရိုးရိုး တစ်တင်းလျှင် ငွေကျပ် ၉၅၀၀၀၊ နှမ်းညို တစ်တင်းလျှင် ငွေကျပ် ၁၀၀၀၀၀၊ နှမ်းနက်(စမုံ)တစ်တင်းလျှင် ငွေကျပ် ၉၇၀၀၀ ဈေးနှုန်းများဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။ နှမ်းဆီဈေးနှုန်းအနေဖြင့် တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ နှမ်းဈေးနှုန်းနှင့် နှမ်းဆီဈေးနှုန်းများ ကောင်းမွန်သောကြောင့် နှမ်းစိုက်ပျိုးတောင်သူများ အကျိုးအမြတ်ပိုမိုရရှိကြောင်း တောင်သူတစ်ဦး၏ ပြောပြချက်အရ သိရသည်။ DOCA(မန္တလေး)

သတင်းအရင်းအမြစ်- စီးပွားကူးသန်း

### ပဲတီစိမ်းအသစ်များ ဈေးကွက်ဝင်ရောက်၍ ဝင်သမျှအရောင်းအဝယ်ဖြစ်

ပဲခူး ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ပဲဈေးကွက်သို့ ဇွန်လဆန်းပိုင်းမှစ၍ ပဲတီစိမ်းအသစ်များ စတင်ဝင်ရောက်လာခဲ့ရာ ယခင်နှစ်နှင့်နှိုင်းယှဉ်လျှင် ယခုနှစ်တွင် ပဲတီစိမ်းအသစ်များ ဝင်ရောက်မှုစောလာခဲ့ပြီး ပြည်မြို့ အနီးပတ်ဝန်းကျင်ရှိ ပေါင်းတလည်၊ ပေါက်ခေါင်း၊ မင်းတုန်းနှင့် ကံမမြို့နယ်များမှ ဝင်ရောက်လာခြင်းဖြစ်သည်။

ပဲတီစိမ်း စတင်ပေါ်ချိန်ဖြစ်သည့်အတွက် တစ်ရက်လျှင် အိတ်ရေ (တစ်တင်းဝင်) ၂၀၀၊ ၃၀၀ မှ ၄၀၀ ကျော် ဝင်ရောက်ခဲ့ပြီး ဈေးကွက်အနေဖြင့် မန္တလေးဝယ်လက်များမှ အဓိကထား၍ ဝယ်ယူခဲ့ခြင်းကြောင့် ဝင်လာသမျှ ပဲတီစိမ်းအသစ်များ အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ ပဲတီစိမ်းသီးနှံမှာ မတ်ပဲ၊ ပဲစင်းငုံ သီးနှံများကဲ့သို့ ပဲဈေးကွက်၌ တစ်နှစ်ပတ်လုံး အရောင်းအဝယ်ဖြစ်နေခြင်း မဟုတ်ဘဲ ပဲထွက်ပေါ်ချိန်၌သာ ရောင်းဝယ်မှုအဖြစ်များသည့် ပဲသီးနှံဖြစ်ရာ ဈေးနှုန်းအနေဖြင့် ပဲတီစိမ်းအသစ် ပိဿာချိန် ၂၀ တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ ဖြင့် ဈေးဖွင့်ဝယ်ယူကြကြောင်း သိရသည်။ DOCA (ပဲခူး)

### ကော့သောင်းကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

ကော့သောင်း ဇွန် ၂၂

ကော့သောင်းကုန်သွယ်ရေးစခန်းမှ ဇွန် ၁၉ ရက်မှ ၂၀ ရက်အထိ ပို့ကုန်တန်ချိန် ၁၀၄၅၊ တန်ဖိုးအမေရိကန်ဒေါ်လာ ၁ ဒသမ ၀၉၉ သန်း၊ သွင်းကုန် တန်ချိန် ၁၄၉၊ တန်ဖိုး အမေရိကန်ဒေါ်လာ သုည ဒသမ ၃၉၆ သန်းဖြစ်ရာ စုစုပေါင်း ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၉၅ သန်းဖြစ်သည်။

အများဆုံးတင်ပို့နိုင်သည့် ပို့ကုန်ပစ္စည်း ၁၀ မျိုးမှာ တာဝမ်တန်ချိန် ၁၀ ဒသမ ၂၄၊ စစ်ဟောက် တန်ချိန် ၉ ဒသမ ၆၊ ပလာလန်း တန်ချိန် ၂ ဒသမ ၅၂၊ ငါးပါကင် တန်ချိန် ၃ ဒသမ ၆၊ ငါးဗျက် တန်ချိန် ၁ ဒသမ ၁၊ ပလာတူး တန်ချိန် ၁ ဒသမ ၀၄၊ ဇလွယ် တန်ချိန် သုည ဒသမ ၆၊ ငါးလိပ်ကျောက် တန်ချိန် သုည ဒသမ ၄၊ ပုစွန်တန်ချိန် သုည ဒသမ ၁၂ နှင့် သဲကဏန်း တန်ချိန် သုည ဒသမ ၁၆ တို့ဖြစ်သည်။

အများဆုံးတင်သွင်းခဲ့သည့် သွင်းကုန်ပစ္စည်း ၁၀ မျိုးမှာ ဒီဇယ် ၂၂ ဒသမ ၅ တန်၊ ပီလောပီနံမှုန့် တန်ချိန် ၁၂၀၊ ကြွေပြားတစ်တန်၊ ငါးဖမ်းပိုက် ၁၂ တန်၊ ဖော့သီးသုံးတန်၊ ပလတ်စတစ်ခြင်း နှစ်တန်၊ စတီးဝိုင်ယာကြိုး သုံးတန်နှင့် ဝါဂွမ်း တစ်တန် တို့ဖြစ်သည်။

ကော့သောင်းနယ်စပ်ဒေသ၌ ပြင်ပငွေလဲနှုန်းမှာ မြန်မာငွေကျပ် တစ်သိန်းလျှင် ၁၁၆၁ ဘတ်၊ တစ်ဘတ်လျှင် မြန်မာငွေ ၈၆ ဒသမ ၁ ကျပ်ခန့်ဖြစ်သည်။

---

## ညောင်လေးပင်မြို့နယ်၌ စားသောက်ကုန်များအား ဈေးနှုန်းချိုသာစွာ ရောင်းချ

ညောင်လေးပင် ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်မှုဖြင့် ညောင်လေးပင်မြို့နယ်ရှိ ပြည်သူများ ဈေးနှုန်းချိုသာစွာဖြင့် စားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီနှင့် သားငါး၊ ဟင်းသီးဟင်းရွက်များအား သက်သာစွာ ဝယ်ယူစားသုံးနိုင်ရန်အတွက် ကိုယ်တိုင်စိုက်ပျိုး/မွေးမြူသူများက မြို့နယ်လွှတ်လပ်ရေးကွင်းအတွင်း ယမန်နေ့ နံနက် ၇ နာရီက စတင်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ရောင်းချပေးရာတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကျော်စိုးနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဘုန်းမောင်တို့က ဦးဆောင်၍ ပြည်သူများအား အခြေခံစားသောက်ကုန်ပစ္စည်းများဖြစ်သည့် ဆန်၊ ဆီ၊ ကြက်၊ ဝက်၊ အမဲနှင့် ငါးမျိုးစုံ၊ ဟင်းသီးဟင်းရွက်နှင့် ကြက်ဥများအား မိမိတို့တတ်နိုင်သမျှ ဝယ်ယူနိုင်ရေးအတွက် ရောင်းချပေးခဲ့သည်။

မြို့နယ်(ပြန်/ဆက်)

## ငါးသိုင်းချောင်းမြို့တွင် အခြေခံစားသောက်ကုန် ပစ္စည်းများ ဈေးနှုန်းချိုသာစွာ ရောင်းချ

ငါးသိုင်းချောင်း ဇွန် ၂၂

ဧရာဝတီတိုင်းဒေသကြီး ငါးသိုင်းချောင်းမြို့အတွင်းရှိ ပြည်သူများ စားဝတ်နေရေးအဆင်ပြေချောမွေ့စေရေးအတွက် ယနေ့နံနက် ၇ နာရီခွဲက မြို့မဈေး၌ အခြေခံစားသောက်ကုန်များကို ဈေးနှုန်းချိုသာစွာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့စည်ပင်သာယာရေးအဖွဲ့နှင့် မြို့အဆင့်ဌာနဆိုင်ရာအဖွဲ့များ ပူးပေါင်း၍ ဝက်သား ပိဿာ ၂၀၊ အမဲသား ပိဿာ ၂၀ တို့ကို တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀ နှုန်း၊ ကြက်ဥအလုံး ၆၀၀ ကို တစ်လုံးလျှင် ငွေကျပ် ၂၅၀ နှုန်း၊ ချဉ်ပေါင်ရွက်အစည်း ၁၀၀ ကို တစ်စည်းလျှင် ငွေကျပ် ၅၀ နှုန်းဖြင့် ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

---

## လူငယ်ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ)၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

ပင်လုံ ဇွန် ၂၂

နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(ပင်လုံ)တွင် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို ယနေ့နံနက် ၇ နာရီတွင် အဆိုပါကျောင်းဝင်းအတွင်း၌ ကျင်းပသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် လွိုင်လင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဗိုလ်မှူး ထွန်းမြင့်နိုင်၊ မြို့နယ်သစ်တောဦးစီးဌာနဦးစီးမှူး ဦးဇော်လှိုင်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရာဇာအောင်တို့က အမှာစကားပြောကြားကြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ဌာနဆိုင်ရာများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများက ပိတောက်ပင် ၃၀၊ ကျောက်ထင်းရှူး ၁၀ ပင်၊ ထေဝပတ်ပင် ၁၀၀၊ ချယ်ရီပင် ၂၀၀၊ ယူကလစ် ၁၄ ပင်၊ ရေသင်းဝင် ၁၄ ပင်နှင့် စွယ်တော် ၁၀ ပင်တို့ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

## ကျောက်တံခါးမြို့နယ်၌ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

ကျောက်တံခါး ဇွန် ၂၂

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်း၊ အလယ်တန်း၊ မူလတန်းနှင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများမှ ကျောင်းသား ကျောင်းသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းကို ယနေ့နံနက် ၉ နာရီမှစ၍ အခြေခံပညာ အထက်တန်းကျောင်း (ကျောက်တံခါး) ပတ္တမြားခန်းမ၌ စတင်ထိုးနှံပေးလျက်ရှိသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွှန့်ဆွေနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကုသရေးဦးစီးဌာနမှူး ဒေါက်တာစည်သူစန်းနှင့် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ပညာရေးမှူးနှင့် ဆရာ ဆရာမများက ကာကွယ်ဆေးထိုးနှံရန် လာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား သတ်မှတ်နေရာသို့ လိုက်ပါပို့ဆောင်ပေးခြင်း၊ လိုအပ်သည့် ကူညီမှုများဆောင်ရွက်ပေးခြင်း၊ စာရင်းမှတ်တမ်းရေးသွင်းခြင်း၊ ကောက်ယူခြင်း တို့ကို စနစ်တကျဆောင်ရွက်ပေးခဲ့ပြီး ကိုဗစ်-၁၉ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကာကွယ် ဆေးထိုးနှံပေးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၅၊ မြေကွက်အမှတ်–(၃၆၀–A)၊ (၅)ရပ်ကွက်၊ သုမန(၂)လမ်း၊ အလျား(၂၀)ပေ× အနံ(၆၀)ပေ၊ ဧရိယာ(၀.၀၂၇၅)ဧက၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀)ဂရန် မြေအမျိုးအစားမြေကွက်နှင့်မြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဦးရဲထွန်း(၁၂/အလန(နိုင်)၀၂၈၀၂၃)မှ အမည်ပေါက်ပြီး ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မီမီအောင် (၇/ဖမန(နိုင်)၁၄၀၃၅၁)မှ စရံငွေပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်ဖြူဖြူသန့် LL.B., D.B.L., WIPO-101(Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၁၁)

ဒေါ်လှိုင်ယဉ်မွန် LL.B အထက်တန်းရှေ့နေ (စဉ်–၄၀၆၄၈)

အမှတ်–၁၂၈၊ ၄၁–လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း–၀၁ ၈၂၄၅၇၈၄၊ ၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

# ကန့်ကွက်နိုင်ပါသည်

**ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ စံပယ်လမ်း၊ တိုက်အမှတ်(B)၊ အခန်း(1D)၊ ပထမထပ်၊ အလျား(၃၈)ပေ× အနံ(၂၈)ပေရှိ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းတိုက်ခန်းတွင် စွဲမြဲတပ်ဆင်ထားသောပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ဒေါ်မော်မော်ညွန့် (၁၂/မဂဒ(နိုင်)၀၀၆၆၁၂)မှ ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဝါဝါထွေး (၁၀/မလမ(နိုင်)၀၀၁၁၉၂)မှ စရံငွေပေးချေထားပြီး ဖြစ်ပါသည်။**

**ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာသောစာချုပ်စာတမ်းအထောက်အထား (မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။**

လွှဲအပ်ညွှန်ကြားချက်အရ –

ဒေါ်ဖြူဖြူသန့် LL.B., D.B.L., WIPO-101(Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ်–၈၃၁၁)

ဒေါ်လှိုင်ယဉ်မွန် LL.B အထက်တန်းရှေ့နေ (စဉ်–၄၀၆၄၈)

အမှတ်–၁၂၈၊ ၄၁–လမ်း၊ မြေညီထပ်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ ရုံးဖုန်း–၀၁ ၈၂၄၅၇၈၄၊ ၀၉ ၅၄၀၁၄၆၂၊ ၀၉၈၈၇၈၀၀၀၂၆

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ စည်ပင်လမ်း၊ အမှတ် (၆၁၅)ပေါ်ရှိ မြေတိုင်းရပ်ကွက်အမှတ် (၁၉)၊ မြေကွက်အမှတ် (၆၁၅)၊ မြေဧရိယာ– (၀.၀၅၅)ဧက၊ (အလျား ၄၀ပေx အနံ ၆၀ပေ) (၂၄၀၀) စတုရန်းပေ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်ဇေယျာ (ဘ) ဦးကြီးမြင့် [၁၂/တမန(နိုင်)၀၇၈၁၉၈]ထံမှ ရန်ကုန်မြို့စာချုပ်စာတမ်းများမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်– ၂၃၅၆၉/၂၀၂၂ (၁၉–၁၂–၂၀၂၂) ရရှိသူ ဒေါ်အမာကြည် (ဘ) ဦးအမ်စီအာရ်မွန် [၁၂/မဂတ(နိုင်)၀၆၈၄၆၆]ထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါ မြေနှင့်အဆောက်အဦ အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ဝင်းမြင့်(B.Sc, PGDL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၁၉၆)**
**အမှတ်–၁၂၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၇၁၄၃၃**

**ဒေါ်ခင်မြတ်သူ (H.G.P, LLB, D.M.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၅၁၅)**
**အမှတ်–၁၂၂၊ ၂–လမ်း၊ အရှေ့ကြို့ကုန်း**
**အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၂၅၄၄၈၈၃၃၀**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ ဣန္ဒာသယလမ်း၊ အမှတ် (၄)၊ (၆)လွှာ(အေ) တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ် အဆင့်ဆင့်ဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်သူ ဦးမျိုးမြင့် [၁၂/တမန(နိုင်)၀၀၉၀၅၁]မှ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းကိုကို [၅/စကန(နိုင်)၁၅၁၆၃၂] မှလည်း ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးသတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်စိုးစိုးမိုး** **တရားလွှတ်တော်ရှေ့နေ (စဉ်–၇၆၆၈)**

**ဒေါ်ခိုင်ခိုင်မော် (ခ) ဒေါ်သန္တာရွှေ** **တရားလွှတ်တော်ရှေ့နေ (စဉ်–၁၅၇၉၄)**

**အမှတ် (၁၇)၊ (၄) လွှာ၊ နတ်စင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၂၅၃၁၁၅၉၁၊ ၀၉–၇၉၃၁၁၂၁၆**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/ဘီ)၊ သမာဓိ(၃)လမ်း၊ မြေကွက်အမှတ်(၃၀၉)၊ မြေအကျယ်အဝန်း (၄၀ပေx၆၀ပေ)၊ ဧရိယာ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဦးကျော်ဝင်း (B/RGN–၀၂၂၂၈)** အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ထံမှ **ဒေါ်ခင်ဝင်းမုံ [၁၃/လရန(နိုင်)၁၉၇၇၈၅]**သည် **"နှစ်ဦးသဘောတူအဆင့်ဆင့်အဆက်စပ်အရောင်းအဝယ်ကတိစာချုပ်များ"**ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိတစ်ဦးတည်းသာလျှင် တရားဝင် လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၁၄၀၆)**
**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၄၃၁၁၄၆၅၄ ၊ ၀၉–၇၉၅၆၀၁၈၆၃ ၊ ၀၉–၇၉၆၃၀၈၀၂၁**

## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနရှိ စီမံကိန်းညွှန်ကြားရေးမှူးရုံးများ ၊ စီမံကိန်းမန်နေဂျာရုံးများ၏ စီမံကိန်းလုပ်ငန်းများနှင့် အုပ်ချုပ်မှုလုပ်ငန်းများတွင် အသုံးပြုရန် လိုအပ်သော ဒီဇယ်ဆီ (ပရီမီယမ်) (၃၅,၈၂၀)ဂါလန်အား တင်ဒါအမှတ်–24(T)/DPTSC (PTP)/2023–2024 (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါများအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၆–၇–၂၀၂၃)ရက် (၁၄:၀၀)နာရီ နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက် တင်သွင်းရမည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web–Portal (**www.moep.gov.mm**) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း– ၀၆၇–၃၄၁၀၂၀၉၊ ၀၆၇–၃၄၁၀၂၈၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်–၄၉၊မြေကွက်အမှတ်–၉၆၃၊မြေကွက်တည်နေရာအမှတ်(၉၆၃)၊ဒူးယား(၉)လမ်း၊(၄၉)ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ဦးအောင်မြင့်(၂)(CA–၀၄၈၇၆၀)အမည်ပေါက်နှစ်(၆၀)ဂရန်မြေအားအမည်ပေါက်–ဦးအောင်မြင့်(ခင်ပွန်း)ကွယ်လွန်သဖြင့်ဒေါ်ခင်ဌေးရီ(၁၂/သဃက(နိုင်)၁၁၈၉၀၃)မှတရားဝင်အမွေဆက်ခံခွင့်ရှိသည့်တစ်ဦးတည်းသောဇနီးဖြစ်ကြောင်း၊၎င်းမှလွဲ၍အခြားသောအမွေဆက်ခံခွင့်ရှိသူတစ်ဦးတစ်ယောက်မျှမရှိပါကြောင်းကျမ်းကျိန်လွှာ၊ဦးအောင်မြင့်(ခင်ပွန်း)သေဆုံးကြောင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ကျန်းမာရေးဦးစီးဌာန၏ထောက်ခံချက်၊ဂရန်၊နိုင်/ကတ်တို့တင်ပြ၍အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှုမရှိပါကလုပ်ထုံးလုပ်နည်းအတိုင်းဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ် (၇၈၆)၊ ၄–လွှာ (အေ) တိုက်ခန်းကို ဝယ်ယူပိုင်ဆိုင်လက်ရှိထားသူ ဒေါ်နွဲ့အေးလွင် (၁၂/ကတတ (နိုင်) ၀၀၂၀၂၉) ထံမှလည်းကောင်း၊ အထက်ပါလိပ်စာ ၅–လွှာ (အေ) တိုက်ခန်းကို ဝယ်ယူ ပိုင်ဆိုင်လက်ရှိထားသူ ဒေါ်ခင်လေးထိုက် (၁၂/တမန (နိုင်) ၀၀၁၇၁၃) ထံမှလည်းကောင်း ကျွန်ုပ်၏မိတ်ဆွေက ပြန်လည်ဝယ်ယူရန်အတွက် စရန်ငွေများပေးချေပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်း (၂)ခန်း အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးအောင်ကျော်ဦး ၊ တရားလွှတ်တော်ရှေ့နေ (စဉ်–၈၅၅၄)
ရုံး – အမှတ်–၁၀၁၊ စက်တွင်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၄၅၀၀၂၄၂၄၃၊ ၀၉ ၇၉၅၃၂၈၃၃၆

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၅၉၀၊ ၂၄၀၀ စ/ပေ၊ မြေကွက်တည်နေရာအမှတ် (၅၉၀)၊ သုနန္ဒာ (၆)လမ်း၊ (၈)ရပ်ကွက်၊ ဦးစောထွန်းရင်(AA–058825) အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား မြေအမည်ပေါက်– ဦးစောထွန်းရင် (ခင်ပွန်း)သည် (၅–၁–၂၀၀၁)ရက်နေ့တွင် လည်းကောင်း ကွယ်လွန်ခဲ့သဖြင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်နန့်ဖြူးလီမှ ပိုင်ဆိုင်ကြောင်း ကြော်ငြာစာချုပ်မှတ်ပုံတင်အမှတ်– ၁၀၈၇/၂၀၁၀ ဖြင့် ပိုင်ဆိုင်လာပြီး ဒေါ်နန့်ဖြူးလီ ထံမှ (၂–၂–၂၀၁၇)ရက်စွဲပါ အရပ်ကတိအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူသူ– ဒေါ်ဇင်ဇင်ထိုက်မှ မြောက်ဥက္ကလာပမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၃၇/၂၀၂၁) (၂၈–၂–၂၀၂၂)ဖြင့် ဒေါ်နန့်ဖြူးလီအပေါ် ပဋိညာဉ်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုစွဲဆိုခဲ့ရာ (၂၈–၂–၂၀၂၂)ရက်နေ့က အထက်ဖော်ပြပါမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အပေါ် ပဋိညာဉ်ချုပ်ဆိုထားသည့်အတိုင်း မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန် အမိန့်ရရှိခဲ့ပြီး၊ ယင်းတရားရုံး၏တရားမဇာရီမှုအမှတ်–၃၂/၂၀၂၂ (၁၂–၉–၂၀၂၂)ရက်စွဲပါ အမိန့်အရ တရားရုံးကိုယ်စား ဘီလစ် ဒေါ်သူဇာ [၆/ထဝန(နိုင်)၀၂၆၃၄၃]က ဖော်ပြပါ တရားရုံးအမိန့်များ၊ ဘီလစ်ခန့်စာနှင့်ဂရန်မူရင်း၊ မြေစာရင်းမှတ်ချက်(၁)ရှိ ဒေါ်နန့်ဖြူးလီမှ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်အမှတ်– ၁၀၈၇/၂၀၁၀ တွင်ပါရှိသော အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မှတ်ချက်ပါသည့် မြေပုံမြေရာဇဝင်မူရင်းမှာ သိမ်းဆည်းထားရာမှ ပျောက်ဆုံးသွားခဲ့သည်မှာ မှန်ကန်ပါကြောင်း၊ ယင်းမြေပုံနှင့်ပတ်သက်၍ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းရောင်းချခြင်းမရှိကြောင်း ၄–၁၁–၂၀၂၂ ရက်စွဲပါ တရားနိုင်ဒေါ်ဇင်ဇင်ထိုက်မှ ဝန်ခံကတိပြုကျမ်းကျိန်လွှာအမှတ်–၉၈၈/၂၀၂၃ တို့တင်ပြ၍ အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၁၃၀)ရပ်ကွက်၊ မြေကွက်အမှတ် (၃၄၈) ဟုခေါ်တွင်သော ဦးလှရွှေအမည်ပေါက် ပါမစ်မြေအမျိုးအစား မြေကွက်၊ အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ မြေကွက်အား အရပ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ တရားဝင်လက်ရှိထားကာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ခိုင်ခိုင်ဝင်း [၇/ညလပ(နိုင်)၁၂၅၄၄၀]ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဦးမျိုးနေအောင် [၁၂/သဃက(နိုင်)၁၃၇၂၂၃]သည် အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၂၁–၆–၂၀၂၃)ရက်နေ့တွင် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**

**ဦးအောင်မျိုးချစ် (LL.B)** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၂၇၄)**

**ဒေါ်သက်ဝေအောင် (LL.B)** **အထက်တန်းရှေ့နေ (စဉ်–၅၀၀၁၆)**

**တိုက်(B–8)၊ အခန်း (၂၀၄)၊ ဗိုလ်မင်းရောင်အိမ်ရာ၊ (၄၂)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**Ph: 09–778849700, 09–773562082**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်း ကျောက်ရေတွင်းရပ်ကွက်၊ ရတနာလမ်းသွယ်(၂)လမ်း၊ အမှတ် (၃၁၁)၊ မြေတိုင်းရပ်ကွက်အမှတ်– ဘုရားကုန်းအဆင့်(၂)၊ မြေကွက်အမှတ် (၃၁၁)၊ အကျယ်အဝန်း (အလျား ၄၀ပေx အနံ ၆၀ပေ)ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ( ဦးမြင့်အောင်) အမည်ပေါက် ပါမစ်မြေအမျိုးအစား မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူထားသူ ဒေါ်ကျော့ကေသာစိုးစံ [၁၂/ရကန(နိုင်)၀၂၆၁၈၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့်တကွ အခြားခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကြော်ငြာပါသတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးမြင့် (LL.B,D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၃၅၈)**
**အမှတ် – ၅၀၊ ပထမထပ်၊ အခန်းအမှတ် (A–1)၊ ဘဏ်လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း – ၀၉–၅၀၆၄၆၆၇**

